ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-2-2011) (၆၈၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၇)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် စူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၇)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် စူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် (၆၅၈) ဦးရှိသည့်အနက် (၆၅၄) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၃၉) ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

သဘောတူ

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ဦးလွန်းမောင်အား ခန့်အပ်တာဝန် **စာမျက်နှာ ၃ ကော်လံ ၁ သို့☆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၂၃-၂-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ပတ်ဝန်းကျင် ရေထုညစ်ညမ်းမှု လျော့နည်းအောင်ဖော်ဆောင်

လူသားများနေထိုင်ရာ ပတ်ဝန်းကျင်တွင် ရေ၊ မြေ၊ လေ၊ ရာသီဥတုတို့ ယိုယွင်းလာနေသည်။ သဘာဝသယံဇာတများ မဆင်မခြင် ထုတ်ယူသုံးစွဲမှု၊ ကုန်ထုတ်လုပ်မှု အထွေထွေတို့မှ အမှိုက်သရိုက်၊ ရေဆိုးရေညစ်များ စွန့်ပစ်နေမှုတို့သည် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများကို ဖြစ်ပေါ်စေသည်။

တစ်နေ့ထက်တစ်နေ့ လူဦးရေတိုးတက်လျက်ရှိရာ သန့်ရှင်းသောသောက်သုံးရေ အပြည့်အဝ ရရှိရန် လိုအပ်လာသည်။ အိမ်သုံး၊ စက်ရုံအလုပ်ရုံသုံး၊ စိုက်ပျိုးရေးနှင့် အခြားလုပ်ငန်းသုံးတို့အတွက် ရေလိုအပ်ချက်ပမာဏ များပြားလာနေပြီဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေးနှင့် သောက်သုံးရေလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆည်တမံ တည်ဆောက်ရေးအပါအဝင် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးဆဖော်ဆောင်လျက်ရှိသည်။

တစ်ဖက်ကလည်း ရေအရင်းအမြစ်များ စနစ်တကျ သုံးစွဲရေး၊ သန့်ရှင်းသော ရေကောင်းရေသန့်များ ဖြစ်နေစေရေးကိုလည်း အလေးထားကြရပေမည်။ အထူးသဖြင့် မြစ်ချောင်းများ နံဘေးနှင့် အနီးရှိ စက်ရုံများမှ ရေဆိုးများ စွန့်ပစ်ရာတွင် စနစ်တကျ သန့်စင်ပြီးမှ စွန့်ပစ်သင့်သည်။ အရက်ချက်စက်ရုံ၊ သားရေစက်ရုံ၊ ပဲခွဲစက်ရုံ၊ အအေးခန်း ငါး၊ ပုစွန်စက်ရုံ၊ ဆိုးဆေးအသုံးပြု အထည်စက်ရုံ၊ ငံပြာရည်စက်ရုံ၊ အချိုရည်စက်ရုံနှင့် ဓာတုဗေဒ ပစ္စည်းစက်ရုံ စသည်တို့မှ စွန့်ပစ်ရေများတွင် ဓာတုဗေဒနှင့် အဆိပ်အာနိသင်များ ပါဝင်သည်။

အဆိုပါစွန့်ပစ်ရေဆိုးများ မြစ်ချောင်းများအတွင်း ရောက်ရှိပျံ့နှံ့နေပါက ရေနေသတ္တဝါများ သေကျေနိုင်သည်။ မြစ်ချောင်းရေ သုံးစွဲသူများလည်း ကျန်းမာရေးထိခိုက်စေမည်ဖြစ်သည်။ ထို့အပြင် မြို့ပြများ၏ မိလ္လာများကို ပြုပြင်သန့်စင်မှုမရှိဘဲ မြစ်များအတွင်း စွန့်ပစ်ခြင်း၊ မြို့ရွာအချို့၏ မြစ်ချောင်းကမ်းနဖူးတို့၌ ရေအိမ်များ တည်ဆောက်ထားခြင်း၊ မြစ်ရေ ချောင်းရေဖြင့် လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့သည်လည်း ရေညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သဖြင့် ရှောင်ရှားကြရပေမည်။

မြစ်ချောင်းအနီးရှိ စက်ရုံများအနေဖြင့် စက်ရုံထွက် ရေဆိုးများကို ကိုယ်ပိုင်ရေဆိုးသန့်စင်ကန်များ ထားရှိပြီးမှ စနစ်တကျ စွန့်ပစ်သင့်သည်။ နေ့စဉ်စွန့်ပစ်သော အမှိုက်သရိုက်များတွင် ပုပ်သိုးဆွေးမြည့်လွယ်သည့် ဓာတ်ပစ္စည်းများပါဝင်နေသဖြင့် မြစ်ချောင်းများအတွင်းစွန့်ပစ်ပါက ရေညစ်ညမ်းမှုကို ဖြစ်စေနိုင်ပေသည်။

ရေထုညစ်ညမ်းမှု အပါအဝင် လေထုညစ်ညမ်းမှု၊ မြေပြင်ညစ်ညမ်းမှု၊ သစ်တောသစ်ပင် ပြုန်းတီးမှုတို့သည် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများကို ဖြစ်ပေါ်စေသည်။ ပြည်သူများအားလုံးက ရေထုညစ်ညမ်းမှု လျော့နည်းအောင် ဝိုင်းဝန်းဖော်ဆောင်ရင်း သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများတွင် အစဉ်တစိုက်ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

Father Land Construction & Home Decoration ဝန်ထမ်းမိသားစုများ စုပေါင်းထမနဲထိုးကြစဉ်။ (သတင်းစဉ်)

FATHER LAND ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

Father Land Construction & Home Decoration ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၁၅ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ်(၂၁၉/၂၂၁) ရှိ Father Land Construction & Home Decoration ရုံးချုပ်ရှေ့၌ ကျင်းပရာ ဝန်ထမ်းမိသားစုများက စုပေါင်းထမနဲထိုး၍ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်။

Father Land Construction & Home Decoration ကုမ္ပဏီသည် ကွန်ဒိုမီနီယမ်များ၊ လုံးချင်းနှင့်ရိုးရိုးတိုက်ခန်းများကို ဆောက်လုပ်၍ ရောင်းချပေးလျက်ရှိကာ Decoration လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသည်။ ထို့အပြင် အခန်းအလှဆင်ပစ္စည်းများကိုလည်း ရောင်းချပေးလျက်ရှိသည်။

ဆက်သွယ်ဆောင်ရွက်လိုသူများသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ်(၂၁၉/၂၂၁)ရှိ Father Land Construction & Home Decoration ဖုန်း-၂၀၄၀၅၅၊ ၂၉၈၅၄၀ နှင့် ၃၉၇၆၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ထားဝယ်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးသည် ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲပိုင်းတွင် ထားဝယ်ခရိုင် ထားဝယ်-မြိတ် မီးရထားလမ်းစီမံကိန်း ထားဝယ်-သရက်ချောင်းလမ်းအပိုင်း ပေါက်တိုင်းချောင်းတံတား သံပေါင်၊ သံကူကွန်ကရစ်ရထားလမ်း တည်ဆောက်ရေး လုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထားဝယ်တပ်နယ်နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ထားဝယ်မြို့ မြောင်းပုလဲတိုးချဲ့ရပ်ကွက် ငွေပုလဲ(၃) စစ်မှုထမ်းဟောင်းအိမ်ရာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး အိမ်ရာနေ စစ်သည်နှင့် မိသားစုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကာ အိမ်ရာဖြစ်မြောက်ရေးတွင် ပါဝင်ပံ့ပိုးကူညီခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အခမ်းအနားမှတ်တိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အိမ်ရာများကို လှည့်လည်ကြည့်ရှု၍ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဇော် မန္တလေးမြို့ရှိ ဆက်သွယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် မန္တလေးမြို့ ဆက်သွယ်ရေးအဆောက်အအုံသို့ ရောက်ရှိပြီး အထက်မြန်မာပြည်၌ တိုးချဲ့တပ်ဆင်သွားမည့် ရတနာပုံမြို့သစ် ASIA MEGA LINK Co., Ltd. မှ ထုတ်လုပ်သည့် CDMA -450 စနစ် စက်ပစ္စည်းများရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာဒေသများသို့ အချိန်မီပေးပို့ တပ်ဆင်နိုင်ရေးအတွက် မှာကြားသည်။

ထို့နောက်ဝန်ကြီးသည်အဆောက်အအုံအတွင်းရှိ TRANSMISSION စက်ခန်းနှင့်ဂစ်ဂါဗစ်မြန်နှုန်းမြင့် အင်တာနက်ဆက်ကြောင်း GIGA BYTE IP TRANSIT GATEWAY စခန်းတို့ကို ဝင်ရောက်ကြည့်ရှုပြီး ဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် ဆက်သွယ်မှုစနစ်များ တိုးချဲ့ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အော်တိုအိတ်ချိန်းများဖြစ်သည့် EWSD အိတ်ချိန်း၊ S12 အိတ်ချိန်းနှင့် TWD 09 အိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ SOFT SWITCH စက်ခန်းနှင့် YATANAPON TELEPORT G- PON OPTICAL LINE TERMINALS စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် CDMA-450 စက်ခန်း၊ CDMA (800MHz) စက်ခန်းများနှင့် Multi Carrier Wireless Local Loop(McWiLL)စက်ခန်းတို့ကိုကြည့်ရှုစစ်ဆေးပြီး မိုဘိုင်းစနစ်များ အရည်အသွေး ပြည့်မီစွာဖြင့် သုံးစွဲသူများ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် ဆက်သွယ်ရေးစခန်းများနှင့် ဆက်သွယ်မှုစနစ်များ ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် မန္တလေးမြို့ရှိ ဆက်သွယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာပေးဟောပြော

ကရင်ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ဘားအံမြို့ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးသက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသ ပညာပေးဟောပြောစဉ်။

(ပြည်နယ်/ကညန)

မော်တော်ဆိုင်ကယ်စီး ယာဉ်မောင်းသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နေပြည်တော်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးနှင့် မော်တော်ဆိုင်ကယ်စီးယာဉ်မောင်းသင်တန်းအမှတ်စဉ် (၂/၂၀၁၁)ကို ဇန်နဝါရီ ၇ ရက်နံနက် ၁၀ နာရီက တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် တပ်ကုန်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် နေပြည်တော်မော်တော်ယာဉ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်ဦးစိုးကြီးတို့က အမှာစကားပြောကြားကြသည်။

သင်တန်းတွင် နေပြည်တော်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းသင်တန်းမှူးဦးထွန်းအုန်း **(အောက်ပုံ)**က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (၅၆၄)

(၂၆၆)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၇၇၁ ဆု ဖွင့်ပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၂၆၆)ကြိမ်မြောက် ငွေကျပ်၂၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် အမှတ်(၃၈၄) အောင်ဘာလေသိန်းဆုဌာနခွဲရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ ရက် နံနက် ၈နာရီမှ စတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ် သိန်း ၁၀၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၅၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၃၀၀ (၂)ဆု၊ ငွေကျပ်သိန်း ၂၀၀ (၄)ဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၄)ဆု၊ ငွေကျပ် ၁၀ သိန်း (၃၂၂)ဆု၊ ငွေကျပ် ၅ သိန်း (၂)ဆု၊ ငွေကျပ် ၃ သိန်း (၁၄၄)ဆု၊ ငွေကျပ် ၂ သိန်း (၁၃၂၀)ဆုနှင့် ငွေကျပ် ၁ သိန်း (၁၂၉၆၁) ဆု အပါအဝင် ဆုမဲပေါင်း (၁၄၇၇၁)ဆုဖြစ်သည်။ (သတင်းစဉ်)

☆ရှေ့ဖုံးမှ

ပေးသင့်ကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူနှင့် ညှိနှိုင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉၊ ပုဒ်မခွဲ(ဃ)၊ပုဒ်မခွဲငယ်(၁)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆တို့နှင့်အညီ တင်ပြသော ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ အဖြစ်ခန့်အပ်တာဝန်ပေးသင့်သည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စု လွှတ်တော်နာယက က ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသော ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များမှာ ဦးသာဌေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်းနှင့် ဦးမြင့်ဟန်တို့ဖြစ်ကြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူနှင့် ညှိနှိုင်း၍ ပြည်ထောင်စု လွှတ်တော်သို့တင်ပြသော ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာ ပါတီအလိုက်ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စား



နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူနှင့် ညှိနှိုင်း၍ တင်ပြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

လှယ်များရှိပါက ယနေ့ညနေပိုင်း၌ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ပြည်ထောင်စု လွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ၁၁ ရက်မြောက်နေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမ အကြိမ် ပြည်ထောင်စုလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပင်မဓာတ်အားခွဲရုံနှင့် တာဝါတိုင်စီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းခွင် တူးချောင်းကျေးရွာအနီးရှိ ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၂)မှ တာဝါတိုင် အမှတ်(၆)အထိ Conductor ကြိုးဆွဲခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံရှိ ၂၃၀ ကေဗွီလှိုင်သာယာ-အလုံမဟာဓာတ်အားလိုင်း အလုံဖီဒါအတွက် ၂၃၀ ကေဗွီ Switch Bay တိုးချဲ့တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ အလုံမြို့နယ် ကမ်းနားလမ်း အလုံ ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ ၂၃၀ကေဗွီ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော် တာဝါတိုင် (အလုံဘက်ကမ်း) မြစ်ကျော် တာဝါတိုင် (RCS-2)River Crossing Suspension No(2)တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MAY Int'l School ၏ Summer School တက်ရောက်ခွင့် ပညာသင်ဆုပေးအပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အခြေခံပညာကျောင်းများမှ(Grade 1 မှ Grade 9) အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ Summer School ကို မိမိပင်ကိုယ်အရည်အချင်းနှင့်တက်ရောက်နိုင်ရန် MAY Int'l School က ပြိုင်ပွဲများ ကျင်းပပြီး ကျောင်းလခကင်းလွတ်ခွင့်များဖြင့် တက်ရောက်ခွင့် ပေးသွားမည်ဖြစ်သည်။

ကျင်းပမည့် ပြိုင်ပွဲများမှာ အင်္ဂလိပ်စကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အင်္ဂလိပ်စာဖတ်ပြိုင်ပွဲ၊ အင်္ဂလိပ်စာအရေးအသား စွမ်းရည်ပြိုင်ပွဲနှင့် အင်္ဂလိပ်သီချင်းဆို ပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို Grade အလိုက် Group 1 ၆ နှစ်မှ ၈ နှစ်၊ Group 2 ၉နှစ်မှ ၁၁နှစ်နှင့် Group 3 ၁၂နှစ်မှ ၁၄နှစ်ဟူ၍ သတ်မှတ်ထားသည်။

ရရှိမည့် ဆုများမှာ မတ်လတွင် ဖွင့်လှစ်မည့် MAY Int'l School ၏ Summer School တက်ရောက်ခွင့် ဆုများဖြစ်ပြီး Group တစ်ခုချင်းစီအတွက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆုဖြစ်ကာ Group သုံးခုအတွက် စုစုပေါင်း ၁၅ ဆု ပေးအပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုပါက MAY Int'l School တွင် လျှောက်ထားနိုင်သည်။

MAY Int'l School ၏ Summer School ကို တနင်္လာမှ သောကြာ (နံနက် ၉နာရီ မှ ညနေ ၃နာရီ)အထိ အချိန်ပြည့်သင်တန်း၊ တနင်္လာမှသောကြာ (နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီ) အထိ အချိန်ပိုင်းသင်တန်းနှင့် စနေ၊ တနင်္ဂနွေ English Grammar & Speaking သင်တန်းတို့ကို တက်ရောက်ရမည်ဖြစ်သည်။ အချိန်ပြည့် သင်တန်းတွင် နိုင်ငံတကာ အသိအမှတ်ပြု K-12 (English & Math) သင်ရိုးညွှန်းတမ်းနှင့် Computer, Science & General Knowledge, History , Health Education, Physical Education, Music & Dance, Sport, Excursion short trip တို့ကို လည်းကောင်း၊ အချိန်ပိုင်း သင်တန်းတွင် Cambridge, JET SET exam preparation course တို့ကိုလည်းကောင်း သင်ကြားပေးမည်ဖြစ်သည်။

အသေးစိတ်ကို MAY Int'l School အမှတ်(၉၁-က) ဗညားဒလလမ်း သျှင်ပါကူဆေးခန်းအနီး ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၅၄၄၂၂၄ နှင့် ၅၄၅၃၇၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

အလုံမြို့နယ်ရှိ ကျောင်းများအတွက် ငွေပဒေသာပင်စိုက်ထူ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ အလုံမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းငါးကျောင်းသို့ Sky Net တပ်ဆင်ခြင်း၊ TV၊ စာအုပ်စာစောင်များနှင့် ကျောင်းစာကြည့်တိုက် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က အလုံ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်လှိုင်(စီမံ/ဘဏ္ဍာ)က လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ယင်းနောက် စုစုပေါင်းတန်ဖိုးငွေ ကျပ် ၄၀၂၈၀၀၀ကို ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး **(အောက်ပုံ)** အလှူရှင်များက လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

(ပညာရေး)



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် သံသုမာလမ်း မြန်မာ့ဂုဏ်ရောင် အိမ်ရာနေ ဗိုလ်ကြီး ဖြိုးစည်သူ-မမြမြသင်းတို့၏ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေခါးများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

ပြန်ပေးဆွဲ သတ်ဖြတ်ခံရသည့် ရွက်လှေပိုင်ရှင် စကော့နှင့်ဂျင်း။

ဆိုမာလီပင်လယ်ဓားပြလက်ချက်ကြောင့် အမေရိကန်ဓားစာခံများသေဆုံး

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၂

အရှေ့အာဖရိက ကမ်းလွန်ရေပြင်၌ ရွက်လှေတစ်စင်းနှင့်အတူ ဖေဖော်ဝါရီ ၁၈ရက်တွင် ပြန်ပေးဆွဲခံရသော အမေရိကန်နိုင်ငံသားလေးဦးကို ဆိုမာလီပင်လယ်ဓားပြများက ဖေဖော် ဝါရီ ၂၂ရက်တွင် သတ်ဖြတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အေဒင်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာအတွင်း နှစ်နှင့်ချီ၍ ဖြစ်ပေါ်နေခဲ့သော ပင်လယ်ဓားပြတိုက်ခိုက်မှုများအတွင်း အမေရိကန်နိုင်ငံသားများ ပထမဆုံးသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပြန်ပေးဆွဲခံရသော ရွက်လှေပေါ်မှ သေနတ်သံများကြားရသဖြင့် ယင်းရွက်လှေနောက်မှ ထက်ကြပ်မကွာလိုက်ပါလာသော အမေရိကန်ရေတပ်စစ်သင်္ဘောများက စီးနင်းတိုက်ခိုက်ခဲ့သည်။

အမေရိကန်ရေတပ်သင်္ဘောများက ကွက်စ်အမည်ရှိ အဆိုပါရွက်လှေကို အလျင်အမြန် သိမ်းပိုက်နိုင်ခဲ့သော်လည်း ဓားစာခံအမေရိကန်နိုင်ငံသားလေးဦးမှာ ပင်လယ်ဓားပြများ၏ လက်ချက်ကြောင့် သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက် ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမေရိကန်ရေတပ်သင်္ဘောများနှင့် ဆိုမာလီပင်လယ်ဓားပြများတိုက်ပွဲဖြစ်ပွားစဉ် ပင်လယ်ဓားပြနှစ်ဦးသေဆုံးပြီး ၁၃ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ရွက်လှေပေါ်ပါ အမေရိကန်နိုင်ငံသားလေးဦး လွတ်မြောက်ရေးအတွက် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်နေစဉ်အတွင်း ဆိုမာလီပင်လယ်ဓားပြများက ၎င်းတို့ကို သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဓားစာခံများသေဆုံးကြောင်း အမေရိကန်စစ်ဘက်က သတင်းမထုတ်ပြန်မီ ရွက်လှေကို စီးနင်းတိုက်ခိုက်ခဲ့ပါက ဓားစာခံများ အရင်သေဆုံးမည်ဟု ဆိုမာလီပင်လယ်ဓားပြတစ်ဦးက အေပီသတင်းဌာနသို့ ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

အင်တာနက်။

မက္ကဆီကိုတွင် အငှားယာဉ်များတိုက်ခိုက်ခံရ ယာဉ်မောင်းနှင့်ခရီးသည် ၁၂ ဦးသေဆုံး

အကာပိုလ်ကို ဖေဖော်ဝါရီ ၂၂

မက္ကဆီကိုနိုင်ငံ ဂွါရီရိုပြည်နယ် အကာပိုလ်ကိုမြို့၌ အငှားယာဉ်များကို ဦးတည်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အငှားယာဉ်မောင်းနှင့် ခရီးသည် စုစုပေါင်း ၁၂ ဦးသေဆုံးခဲ့ရကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

လက်တင်အမေရိကဒေသ၌ အကြီးကျယ်ဆုံး တင်းနစ်ပြိုင်ပွဲကို အကာပိုလ်ကိုမြို့၌ တနင်္လာနေ့တွင် ကျင်းပရန်စီစဉ်ထားပြီး ပြိုင်ပွဲမစတင်မီ အငှားယာဉ်များကို အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တင်းနစ်ပြိုင်ပွဲ၏ လုံခြုံရေးကို မက္ကဆီကိုအစိုးရက တာဝန်ယူမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက တနင်္ဂနွေနေ့က ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

အကာပိုလ်ကိုမြို့သည် မူးယစ်ဂိုဏ်းများ အချင်းချင်း တိုက်ပွဲဆင်နွှဲလေ့ရှိရာ မြို့တစ်မြို့ဖြစ်သည်။ ယင်းမြို့ရှိ အငှားယာဉ်မောင်းသမားများကို မူးယစ်ဂိုဏ်းများက မူးယစ်ဆေးဝါး သယ်ဆောင်ရန် သိမ်းသွင်းခြင်း သို့မဟုတ် ရံဖန်ရံခါ ဆက်ကြေးကောက် အနိုင်ကျင့်ခြင်းများကို လုပ်ဆောင်လေ့ရှိသည်။

မူးယစ်ဂိုဏ်းများက အငှားယာဉ်မောင်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုများသည် ဖေဖော်ဝါရီ ၁၇ ရက်ကပင် စတင်ဖြစ်ပွားခဲ့ပြီး တနင်္ဂနွေနေ့တွင် တင်းနစ်ပွဲများကျင်းပမည့် နေရာနားအထိ ရောက်ရှိလာကြောင်း သတင်းတွင် ဖော်ပြသည်။

အငှားယာဉ်များအား တိုက်ခိုက်မှုအချို့နှင့် ပတ်သက်ကြောင်း ယူဆရဖွယ်ရှိသူများကို မက္ကဆီကိုရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ကြောင်း ဂွါရီရိုပြည်နယ်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အေပီ။

နယူးဇီလန်၌ အင်အားပြင်းငလျင်လှုပ်ခတ်၍ ၆၅ ဦးသေဆုံး အဆောက်အအုံအပျက်အစီးများအောက်၌ အများအပြားပိတ်မိနေ

ခရစ်ချပ်ချ် ဖေဖော်ဝါရီ ၂၂

နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့၌ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု အင်္ဂါနေ့က လှုပ်ခတ်ခဲ့ရာ အနည်းဆုံးလူ ၆၅ ဦးသေဆုံး၍ အဆောက်အအုံအပျက်အစီးများအောက်၌ အများအပြားပိတ်မိနေဆဲဟု ယူဆရကြောင်း သတင်းများတွင် ဖော်ပြသည်။

ငလျင်ဒဏ်ကြောင့် ခရစ်ချပ်ချ်မြို့တွင်းရှိ အထပ်မြင့်အဆောက်အအုံများနှင့် ဘုရားကျောင်းများ ပြိုကျပျက်စီးခဲ့ရသည်။

ခရစ်ချပ်ချ်မြို့သို့ အလည်အပတ်လာရောက်သော ဂျပန်ကျောင်းသားတစ်ဒါဇင်မျှအပါအဝင် လူပေါင်း ၁၀၀ ကျော်တို့ အဆောက်အအုံအပျက်အစီးများအကြား ပိတ်မိနေသည်ဟုယူဆရသည်။

နယူးဇီလန်ကယ်ဆယ်ရေးသမားများသည် အနံ့ခံခွေးများအသုံးပြု၍ မြို့တွင်းအပျက်အစီးများအောက်ရှိ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်ရန်ကြိုးပမ်းနေကြောင်း သတင်းတွင် ဖော်ပြသည်။ ယခုလှုပ်ခတ်ခဲ့သော မြေငလျင်သည် လူဦးရေ ၃၅၀၀၀၀ နေထိုင်သော ခရစ်ချပ်ချ်မြို့၌ ငါးလအတွင်း ဒုတိယအကြိမ်မြောက် လှုပ်ခတ်ခဲ့သော မြေငလျင်ဖြစ်ပြီး ဆယ်စုနှစ်ပေါင်းများစွာအတွင်း နယူးဇီလန်နိုင်ငံ ရင်ဆိုင်ခဲ့ရသော သဘာဝဘေးဥပဒ်များအနက် အဆိုးရွားဆုံးလည်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ခရစ်ချပ်ချ်မြို့၏ အထင်ကရအဆောက်အအုံဖြစ်သော ကျောက်တုံးများဖြင့်တည်ဆောက်ထားသည့် ခရစ်ယာန်ဝတ်ကျောင်းတစ်ကျောင်းပြိုကျပျက်စီးခဲ့ရသည်။ အခြားအထပ်မြင့်အဆောက်အအုံများလည်းပြိုကျခဲ့ရာ ခရစ်ချပ်ချ်မြို့တွင်း လမ်းများ၌ အုတ်ခဲများ၊ ကွန်ကရစ်အကျိုးအပဲ့များဖြင့် ပိတ်ဆို့နေကြောင်း သတင်းတွင်ဖော်ပြသည်။

ခရစ်ချပ်ချ်မြို့တော်ဝန် ဘော့ပါကားက မြို့ကို သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသအဖြစ်ကြေညာခဲ့ပြီး မြို့သူ မြို့သားများကို မြို့လယ်သို့ရွှေ့ပြောင်းပေးရန် အမိန့်ထုတ်ခဲ့သည်။

အေပီ။

ငလျင်ကြောင့် အဆောက်အအုံအပြိုအပျက်များနှင့် ပျက်စီးသွားသော ကားများကို ခရစ်ချပ်ချ်မြို့အတွင်း တွေ့ရစဉ်။

ပါကစ္စတန်နှစ်ဦးကို ပစ်သတ်သည်မှာ အမေရိကန် စီအိုင်အေဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

ပါကစ္စတန်နိုင်ငံ လာဟိုး၌ ရဲတပ်ဖွဲ့က လူသတ်မှုဖြင့်ထိန်းသိမ်းထားသော အမေရိကန်နိုင်ငံသား ရေမွန်ဒေးဗစ်၏ အကြောင်းကို အမေရိကန်တာဝန်ရှိသူများက တနင်္လာနေ့တွင် အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းသည် "ဘလက်ဝါးတား"ဟူသော နာမည်ဟောင်းဖြင့် လူသိများသည့် ပုဂ္ဂလိကလုံခြုံရေးကန်ထရိုက်တာ'စီး'အတွက် အလုပ်လုပ်ပေးနေသည်မှာ မှန်ကန်ကြောင်း အတည်ပြုခြင်းအပြင် ပါကစ္စတန်နိုင်ငံအတွင်း သံတမန်လောကမှ စီအိုင်အေ အေးဂျင့်တစ်ဦးဖြစ်သည်ဟု ဆိုသည်။

စစ်သွေးကြွများကို ခြေရာခံလိုက်နေသည့် စီအိုင်အေအဖွဲ့တစ်ဖွဲ့အတွက် ဒေးဗစ်က လုံခြုံရေးတာဝန်ယူပေးနေကြောင်းကို အမေရိကန်တို့အနေဖြင့် ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခြင်းလည်း ဖြစ်သည်။

အရာရှိများနှင့် သတင်းပေးများတွေ့ဆုံသည့်အချိန်တွင် ကာကွယ်စောင့်ရှောက်ရသည့်တာဝန်များ အပါအဝင် လုံခြုံရေးတာဝန်ထမ်းဆောင်သည့် စီအိုင်အေအဖွဲ့တွင် ၎င်းကို တွဲဖက်တာဝန်ပေးထားခဲ့သည်ဟုဆိုသည်။ ပါကစ္စတန်နိုင်ငံသားနှစ်ဦးကို ၎င်း ပစ်သတ်ခဲ့သောနေ့က လာဟိုမြို့၏ အရေးကြီးသောနယ်မြေများကို အကျွမ်းတဝင်ဖြစ်ရန် လေ့လာနေခြင်းဖြစ်သည်။

သည်နယူးယောက်စ်တိုင်းမ်၊ ဝါရှင်တန်ပို့စ်၊ အေပီနှင့် အခြားမီဒီယာများက ဒေးဗစ်သည် စီအိုင်အေအေးဂျင့် ဖြစ်ကြောင်း ပထမဆုံးအကြိမ်အဖြစ် ဖော်ပြခဲ့သည်။

အင်တာနက်။

နယူးဇီလန်ငလျင်လှုပ်ခတ်မှုကြောင့် တန်ချိန်သန်း ၃၀ ရှိ ရေခဲလွှာများပဲ့ကြွေ

ခရစ်ချပ်ချ် ဖေဖော်ဝါရီ ၂၂

နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့၌ အင်္ဂါနေ့က လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ယင်းနိုင်ငံ၏ အကြီးဆုံးရေခဲပြင်ကြီးမှ ရေခဲတန်ချိန်သန်း ၃၀ မျှ ပဲ့ထွက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံတောင်ပိုင်း အဲလ်ပ်တောင်တန်းဒေသရှိ တတ်စ်မင်ရေခဲပြင်မှ ရေခဲလွှာများသည် တတ်စ်မင်ရေကန်အတွင်းသို့ ပဲ့ကြွေခဲ့ကြောင်း ဒေသတွင်းခရီးသွားလမ်းညွှန်များက ပြောကြားသည်။

ရေခဲပြင်ကြီးမှ ရေခဲလွှာများပဲ့ကြွေမှုကြောင့် တတ်စ်မင်ရေကန်အတွင်း အမြင့် ၃ ဒသမ ၅ မီတာရှိ ရေလှိုင်းများ မိနစ် ၃၀ ကြာဖြစ်ပေါ်ခဲ့ကြောင်း ကမ္ဘာလှည့်ခရီးသွားများ၏ အဆိုအရ သိရသည်။

တတ်စ်မင်ရေခဲပြင်သည် ခရစ်ချပ်ချ်မြို့မှ မိုင် ၁၂၀ အကွာတွင် တည်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **အေပီ။**

မာလီနိုင်ငံ အခမ်းအနားတစ်ခုတွင် လူအုပ်ပြို၍ ၃၆ ဦးသေဆုံး

ဘာမာကို ဖေဖော်ဝါရီ ၂၂

မာလီနိုင်ငံ ဘာမာကိုမြို့ရှိ အားကစားကွင်းတစ်ခု၌ ကျင်းပသော အခမ်းအနားတစ်ခုသို့ လာရောက်ကြသည့် လူထောင်ပေါင်းများစွာတို့ ကွင်းထဲမှပြန်အထွက်တွင် လူအုပ်ပြိုမှုဖြစ်ပွားခဲ့ရာ ၃၆ ဦးသေဆုံးပြီး အနည်းဆုံး ၆၄ ဦးဒဏ်ရာရခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

မာလီနိုင်ငံ၏ ထင်ရှားသောဘာသာရေး ခေါင်းဆောင်တစ်ဦးထံမှ ကောင်းချီးပေးမှုခံယူရန်လာရောက်သော လူထောင်ပေါင်းများစွာတို့သည် ဖေဖော်ဝါရီ ၂၁ ရက်ညပိုင်း အခမ်းအနားမှပြန်လည်ထွက်ခွာချိန်၌ လူပြိုမှုဖြစ်ပွားခဲ့ ခြင်းဖြစ်သည်။

အခမ်းအနားသို့ လာရောက်သူအရေအတွက်သည် အားကစားကွင်းက အများဆုံးလက်ခံနိုင်သည့် ပမာဏထက် ပိုမိုများပြားခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦး၏ အဆိုအရသိရသည်။

အခမ်းအနားမှအပြန်တွင် လူအုပ်ကြီးသည် အရံအတားများကို အလုအယက်တိုးဝှေ့ထွက်ခွာခဲ့ကြကြောင်း မာလီနိုင်ငံ ပြည်တွင်းလုံခြုံရေးနှင့် မြို့ပြကာကွယ်ရေးဝန်ကြီး ဆာဒီယိုဂတ်စ်ဆမ်က ပြောကြားသည်။

ပြီးခဲ့သည့်နှစ်ကလည်း မာလီနိုင်ငံ တင်မ်ဘက်ခ်တူမြို့၌ ဘာသာရေးပွဲတော်ကာလအတွင်း လူပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၂ ဦးသေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

အေပီ။

အီရန်စစ်ရေယာဉ်နှစ်စင်း စူးအက်တူးမြောင်းကို ဖြတ်သန်းမှုသည် ရန်စခြင်းဟု အစ္စရေးကရှုမြင်

ဆိုင်းနိုင်း ဖေဖော်ဝါရီ ၂၂

အီရန်စစ်ရေယာဉ်နှစ်စင်းသည် ဆီးရီးယားသို့ သွားရောက်ရန်အတွက် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် စူးအက်တူးမြောင်းသို့ ဝင်ရောက်လာကြောင်း တူးမြောင်းနှင့် မီဒီယာသတင်းရပ်ကွက်များက ဖော်ပြသည်။

တန်ချိန် ၁၅၀၀ ရှိ ဖရီးဂိတ် ကင်းလှည့်ရေယာဉ် အယ်လ်ဗန်းနှင့် တန်ချိန် ၃၃၀၀၀ရှိ ထောက်ပို့ သင်္ဘောခတ်က်တို့သည် မြေထဲပင်လယ်သို့ ဦးတည်ကာ တူးမြောင်းကို ဖြတ်သန်းလျက်ရှိကြောင်း အီရန်ပရက်စ်တီဗွီက အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်ဖော်ပြသည်။

အီရန်စစ်ရေယာဉ် အယ်လ်ဗန်းတွင် တော်ပီဒိုများနှင့် သင်္ဘောဖျက်ဒုံးကျည်များတပ်ဆင်ထားပြီး စစ်ရေယာဉ်ခတ်က်တွင် တပ်ဖွဲ့ဝင် ၂၅၀ နှင့် ရဟတ်ယာဉ်သုံးစင်းတို့ကို တင်ဆောင်နိုင်ကြောင်း ပရက်စ်တီဗွီက ထုတ်လွှင့်သည်။

အရှည်မိုင် ၁၂၀ (ကီလိုမီတာ ၁၉၀) ရှိသော စူးအက်တူးမြောင်းသည် ကမ္ဘာ့ရေနံအထွက်၏ ၂ ဒသမ ၅ ရာခိုင်နှုန်းကို သယ်ယူပို့ဆောင်လျက်ရှိသော ရေလမ်းကြောင်းဖြစ်ပြီး အာရှကုန်စည်များကို ဥရောပသို့ ပို့ဆောင်ရာ အဓိက လမ်းကြောင်းတစ်ခုလည်းဖြစ်သည်။

၁၉၇၉ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ယခုကဲ့သို့ အီရန်စစ်ရေယာဉ်များ အဆိုပါ ရေလမ်းကြောင်းသို့ ဝင်ရောက်လာခြင်းကို အစ္စရေးနိုင်ငံက ရန်စလှုံ့ဆော်ခြင်းအဖြစ် ရှုမြင်ထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

တန်ချိန် ၁၅၀၀ ရှိ ဖရီးဂိတ် ကင်းလှည့်ရေယာဉ် အယ်လ်ဗန်း စူးအက်တူးမြောင်းကို ဖြတ်သန်းစဉ်။

ဝန်ကြီး ဦးခင်မောင်မြင့် အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံသင်တန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဒုတိယအင်ဂျင်နီယာချုပ်နှင့် ညွှန်ကြားရေးမှူးအဆင့်ရှိ သင်တန်းသား၊ သင်တန်းသူ ၁၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသော စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် လိုအပ်မည့် စက်ပစ္စည်းများ၊ Studio များ၊ ပြည်ပနှင့် ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရုပ်ရှင်ပြသရေးစနစ်နှင့် ရုပ်ရှင်ရုံများ နိုင်ငံတကာအဆင့်မီဖြစ်အောင် ဆောင်ရွက်လျက်ရှိရာ မြန်မာရုပ်ရှင်ဇာတ်ကားများ အရည်အသွေးမြင့်မားရေးအတွက် လိုအပ်သော စက်ပစ္စည်းများဖြစ်သည့် Color Analyzer၊ Color Compact Printer၊ B & W Film Calder Processing Machine၊ Optical Sound Recorder (Stereo)၊ Simplex 35 mm Five Star Dolby Digital Projector များကို Addaudio Co., Ltd. မှ မှာယူဖြည့်တင်းခဲ့ပြီး ဖြစ်သည်။

ဖြည့်တင်းပြီးသော စက်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် နိုင်ငံခြားကျွမ်းကျင်ပညာရှင်များဖြင့် ဌာနအတွင်း ရက်တိုသင်တန်းများပေး၍ လုပ်ကိုင်စေခဲ့သည်။ စက်ပစ္စည်းများကို ပိုမိုကျွမ်းကျင်စွာ အသုံးပြုနိုင်ရေး၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် ခေတ်မီရုပ်ရှင်လုပ်ငန်းဆိုင်ရာများ လေ့လာရေးအတွက် Addaudio Co., Ltd. က ဖိတ်ကြားခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး(စက်မှု) ဦးဝင်းသူ ခေါင်းဆောင်သည့် အဖွဲ့ဝင်ခြောက်ဦး ပါဝင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး(စက်မှု) ဦးဝင်းသူ ခေါင်းဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးအတွက် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ကြည့်မြင်တိုင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ရန်ကုန်အနောက်ပိုင်းဆေးရုံ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူဇော်၊ ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်တင်၊ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရဲသွေးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ကြီးတို့က အမှာစကားနှင့် ကျေးဇူးတင်စကားများ ပြောကြားပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကြည့်မြင်တိုင်မြို့နယ် သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမြင့်ကြည်က ၁၈ သိန်းတန် ကလေးဖန်ပေါင်းချောင်တစ်စုံ၊ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း အမှတ် (၃၆)ရှိ ရန်ကုန် မေမန်ဂျမာသ်အသင်းဥက္ကဋ္ဌ ဦးရာကွတ်၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ အတွင်းရေးမှူး ဦးဝါဟစ်နှင့် အမှုဆောင်များက အလှူငွေကျပ် ၁၂ သိန်း **(အောက်ပုံ)**၊ ကြည့်မြင်တိုင် နတ်စင်လမ်းနေ ဦးမောင်မောင်အုန်း၊ ဒေါ်ခင်မေတင့်တို့က အလှူငွေကျပ် ၁၀ သိန်း၊ အထက်ကြည့်မြင်တိုင်လမ်းနေ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးညွန့်ဌေး၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီလာရွှေတို့က ငွေကျပ် ၁၀ သိန်းတန် ရေသန့်စက်တစ်စုံ အပါအဝင် အလှူရှင် ၂၃ ဦးတို့က အလှူပစ္စည်းများအပါအဝင် ငွေကျပ် ၉၀၁၈၀၀၀ လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဆေးရုံအုပ်ကြီးနှင့် မြို့နယ်ဥက္ကဋ္ဌတို့က လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (၁၉)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ တရားတော်
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၅ ၆။ လျှပ်တစ်ပြက်
၄:၃၅ ၇။ အမျိုးသားရေးတေးကဗျာ
၄:၄၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၉။ ရွှေဟောင်းသုတ
၅:၀၀ ၁၀။ ရန်သူမီး
၅:၂၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၄၁)**
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ **Mail Box**
၆:၃၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၄၈)
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၅၉)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဦးတည်ချက်(၁၂)ရပ်
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -သဘာဝထဲကသံစဉ် (မိုးခန့်၊ ဝင်းနိုင်၊ ဇော်၊ ခင်လှိုင်၊ မိုးယုစံ၊ မျိုးမျိုးခိုင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၄။ လျှပ်တစ်ပြက်
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁၃)**
၂၇။ ကြယ်ကလေးတို့ရဲ့ဂီတ မိုးကောင်းကင်
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

ဒေါက်တာစိုးလွင်၏ ကျန်းမာရေးပညာပေးစာအုပ် ထွက်ရှိ



ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး ဆေးတက္ကသိုလ်(၁) ရန်ကုန် သားဖွားမီးယပ်ပညာဌာန၌ သားဖွားမီးယပ်ဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး တွဲဖက်ပါမောက္ခအဖြစ် ဆောင်ရွက်ရင်း တစ်ဖက်က စာပေများ စဉ်ဆက်မပြတ် ရေးသားနေသော ဒေါက်တာစိုးလွင်သည် သူ၏ (၁၃)အုပ်မြောက် လုံးချင်းစာအုပ်အဖြစ် ဆရာဝန်ဖြစ်ရကျိုးနပ်ပြီနှင့် ဆေးလောကဇာတ်ခုံပေါ်က လူနာမျိုးစုံဇာတ်လမ်းအဖုံဖုံစာအုပ်ကို မတ် ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ စာပေလောက-၅ (ပန်းဆိုးတန်းလမ်းအလယ်) စာအုပ်အရောင်းဆိုင်၌ လက်မှတ်ရေးထိုးရောင်းချပွဲ ပြုလုပ်မည်ဖြစ်သည်။

မီးယပ်နှင့် သားဖွားဆိုင်ရာ ကျန်းမာရေးပညာပေးဆောင်းပါး ၂၇ ပုဒ် ပါဝင်သည်။

လူနာကို အိမ်ပြန်ခေါ်သွားပါရစေဆရာ ဆိုသော ဆောင်းပါးတွင် မသိနားမလည်သော မိဘတို့၏ စိုးရိမ်စိတ်နှင့် ပတ်သက်၍ ခြယ်မှုန်းရေးဖွဲ့ပြထားသည်။ ထို့ပြင် သားအိမ်ထဲ၌ အချင်းဆိုသည်မှာ သားအိမ်ကိုယ်ထည်အထက်ပိုင်းမှာသာ ရှိရိုးထုံးစံဖြစ်သည်။ ဤသို့မဟုတ်ဘဲ အချင်းက သားအိမ်ခေါင်းအဝတွင် အရင်ဦးစွာ ရောက်နေသည့်အခါ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးတို့အကြောင်းကို ကံကောင်းလို့မသေ သံချောင်းတို့အမေ ဆောင်းပါး၌ ထဲထဲဝင်ဝင်ရေးပြထားလေသည်။ ကိုယ်ဝန်ဆိပ်တက်ခြင်း၊ နေရာလွဲသန္ဓေသားဘီဝမ်းခေတ်ချို့တဲ့သည့်ကိစ္စ၊ သားအိမ်ကင်ဆာ၊ သားကြောဖြတ်ခြင်း၊ ခေတ်ကင်ခြင်း၊ ကိုယ်ဝန်ဆောင် သွေးတိုးရောဂါ၊ စပျစ်သီးသန္ဓေအကြောင်း၊ အသက်ကြီးမှ ကိုယ်ဝန်ရခြင်း၊ အရပ်လက်သည်နှင့် မွေးဖွားခြင်း၊ သားသမီး လိုချင်သည့်ပြဿနာ အစရှိသော အမျိုးသမီးတိုင်း သိထားသင့်သည့် ကျန်းမာရေး ဗဟုသုတတို့ကို ဘက်စုံထောင့်စုံမှ တင်ပြပေးထားသည်။

ဤစာအုပ်ကို စိုးဇင်စာပေက ထုတ်ဝေပြီး စာပေလောက-၅ စာအုပ်ဆိုင်၊ ကျော်ဟုမ်းမတ် အပေါ်ထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၂၁၈၁၇ က တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်း ပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သုံးတိုင်ကျေးရွာနေ ဒေါ်ခင်ဝင်းနှင့် သားဖြစ်သူ မောင်အောင်ဖြိုးထက်တို့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းတွင် ကျေးရွာအနီး တောတွင်းတစ်နေရာ၌ ထင်းခုတ်နေစဉ် ထင်းပင်လဲကျရာမှ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသောမိုင်တစ်လုံး ပေါက်ကွဲပြီး အဆိုပါပေါက်ကွဲမှုကြောင့် ဒေါ်ခင်ဝင်း၏ ဝဲဘက် ဝမ်းဗိုက် မိုင်းစရုပ်မှန် ဒဏ်ရာနှင့် မောင်အောင်ဖြိုးထက်၏ ဘယ်/ညာ ပေါင် မိုင်းစ ရုပ်မှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

စပီရူလိုင်းနားအကြောင်း သိကောင်းစရာများ



ကနီမြို့နယ် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ တွင်းမ။

စိုးစိုးအေး(စက်မှု၊ ဆေးဝါးစားကုန်)

သဘာဝအစားအစာများတွင်ပါဝင်သော ဗီတာမင်နှင့် သတ္တုဓာတ်မျိုးစုံတို့သည် လူတို့ဖန်တီးပြုလုပ်ထားသော ဗီတာမင်နှင့် သတ္တုဓာတ်မျိုးစုံပါဝင်သည့် အားဆေးမျိုးစုံတို့ထက် မယှဉ်သာလောက်အောင် ပိုမိုကောင်းမွန်ကြောင်း သိပ္ပံပညာရှင်များက သုတေသနပြုလုပ်တွေ့ရှိချက်များအရ လက်ခံထားကြပါသည်။

အဏုဇီဝပင်တစ်မျိုးဖြစ်သော စပီရူလိုင်းနားကို ၁၉၆၇ ခုနှစ်မှစ၍ ဥရောပသိပ္ပံပညာရှင်များ ဦးဆောင်ပြီး သုတေသနများဆောင်ရွက်ခဲ့ပါသည်။ အာဖရိက၊ ချဒ်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့တွင် ဒေသခံများစားသုံးနေသော စပီရူလိုင်းနားသည် ပရိုတင်း၊ ဗီတာမင်၊ သတ္တုဓာတ်စသည့် အာဟာရဓာတ်ကြွယ်ဝသော အဏုဇီဝအစားအစာတစ်ခုဖြစ်ကြောင်း ဘယ်လ်ဂျီယံပညာရှင်တစ်ဦးက ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ ခေတ်မီနည်းပညာဖြင့် စပီရူလိုင်းနားထုတ်လုပ်သုံးစွဲမှုလုပ်ငန်းကို မက္ကဆီကိုနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သဘာဝ၏ လက်ဆောင်မွန်ဖြစ်သည့် စပီရူလိုင်းနားများကို စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တွင်းတောင်အင်း၊ စစ်ကိုင်းမြို့နယ် ရေခါးအင်း၊ ကနီမြို့နယ် တောင်ပျောက်အင်းနှင့် တွင်းမအင်းတို့တွင် သဘာဝအလျောက်ပေါက်ပွားနေသည်ကို သုတေသီတစ်ဦးဖြစ်သူ မော်လမြိုင်တက္ကသိုလ် အဏုဇီဝဗေဒဌာနမှုကထိက ဒေါက်တာမင်းသိမ်းက ၁၉၈၄ ခုနှစ်တွင် စတင်၍ လေ့လာတွေ့ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သဘာဝအလျောက်တွေ့ရှိရသော စပီရူလိုင်းနားကို အသုံးပြုပြီး မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (စစ်ကိုင်း)တွင် ပရိုဗီမင်၊ ဘိုင်အိုမင်စီ၊ စပီရူလိုင်းနားသနပ်ခါး၊ စပီရူလိုင်းနားခေါင်းလျှော်ရည်၊ စပီရူလိုင်းနားဖျော်ရည်စသည်တို့ကို ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice)နှင့် အညီ ထုတ်လုပ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(စစ်ကိုင်း)သည် အစိုးရအချင်းချင်းအကူအညီပေးရေးအစီအစဉ်ဖြင့် မလေးရှားနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ချီးမြှင့်သော ASEAN GMP လက်မှတ်ကို ၂၀၀၇ ခုနှစ်တွင် ရရှိခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ချဒ်နိုင်ငံ၊ ဟာဝိုင်ယီကျွန်း၊ ဘယ်လ်ဂျီယံနိုင်ငံစသော ကမ္ဘာ့နိုင်ငံအသီးသီးတွင် စပီရူလိုင်းနားကိုအပြိုင်အဆိုင်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ စပီရူလိုင်းနားကို မွေးမြူထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိပြီး အောင်မြင်မှုရရှိလာပြီဖြစ်သော နိုင်ငံများမှာ ဗီယက်နမ်နိုင်ငံ၊ ပြင်သစ်၊ စပိန်၊ တောင်အာဖရိက၊ ချီလီ၊

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ သာယာလှပသောရေခါးအင်း။



ပီရူး၊ ဘရာဇီးနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ဖြစ်ကြပါသည်။ စပီရူလိုင်းနားကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံက ထုတ်လုပ်လျက်ရှိပြီး ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ စပီရူလိုင်းနားကို တင်ပို့ရောင်းချရာတွင် စပီရူလိုင်းနားအချပ်များ (Spirulina Cakes)၊ စပီရူလိုင်းနားနန်းမျှင်ချောင်းများ (Spirulina Chips)၊ စပီရူလိုင်းနားအမှုန့် (Spirulina Powder)၊ ဆေးဝါးများအဖြစ် အသုံးပြုခြင်း (Health Food Products)၊ ခန္ဓာကိုယ်အရေပြားလိမ်းဆေးများ(Skin Cream)၊ ခေါင်းလိမ်းဆီ၊ ခေါင်းလျှော်ရည်၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရေထွက်ပစ္စည်းမွေးမြူရေးလုပ်ငန်းများတွင် မွေးမြူရေးအစာအဖြစ် အသုံးပြုခြင်းနှင့် အစားအစာဆိုးဆေးများ အဖြစ် ထုတ်လုပ်ရောင်းချပါသည်။

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ၁၅-၁၁-၂၀၁၀ ရက်နေ့မှ ၁၇-၁၁-၂၀၁၀ ရက်နေ့ထိ ကျင်းပခဲ့သည့် အစားအစာထုတ်လုပ်မှုတွင် ခေတ်မီနည်းပညာများ အသုံးချမှုဆိုင်ရာနိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲသို့ ရုရှားနိုင်ငံသိပ္ပံနှင့်ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊သုတေသနဌာနများမှ အစားအစာ သိပ္ပံပညာရှင် ၁၇ ဦး၊ အာဆီယံနိုင်ငံများမှကိုယ်စားလှယ် ၂၁ ဦးနှင့် ဗီယက်နမ်နိုင်ငံ အစားအစာထုတ်လုပ်မှု သုတေသနဌာနမှ ကိုယ်စားလှယ်အချို့အပါအဝင် စုစုပေါင်း ၅၀ ကျော်တက်ရောက်ခဲ့ပါသည်။

ကနီမြို့နယ် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ တောင်ပျောက်တွင်း။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ရုရှားနိုင်ငံ ဆေးသိပ္ပံသုတေသနဌာန (State Research Institute of Nutrition of Russian Academy of Medical Science)မှ Vladimir-K.Mazo, Ivan V.Gmoshinski, Sergey N.Zorin တင်ပြသောစာတမ်းတွင် လူ့ခန္ဓာကိုယ်၌ မရှိမဖြစ်လိုအပ်သော သံဓာတ်၊ ဇင့်၊ ကော့ပါး၊ ဆီလီနီယမ်၊ ခရိုမီယမ်၊ မဂ္ဂနီဆီယမ်စသည့် Trace element များသည် စပီရူလိုင်းနားတွင်ပါဝင်ကြောင်း၊ ရုရှားနိုင်ငံတွင် ခေတ်မီဇီဝနည်းပညာကို အသုံးပြု၍ စပီရူလိုင်းနားကို Trace element ပါဝင်သော အာဟာရတန်ဖိုးမြင့်သည့် အစားအစာအရင်းအမြစ်အဖြစ် အသုံးပြု ထုတ်လုပ်လျက်ရှိကြောင်း အာဟာရတန်ဖိုးကြွယ်ဝပြီး Trace element များသည် စပီရူလိုင်းနားတွင် ပါဝင်ကြောင်း၊ ရုရှားနိုင်ငံတွင် ခေတ်မီဇီဝနည်းပညာကို အသုံးပြု၍ စပီရူလိုင်းနားကို Trace element ပါဝင်သော အာဟာရတန်ဖိုးမြင့်သည့် အစားအစာအရင်းအမြစ်အဖြစ် အသုံးပြုထုတ်လုပ်လျက်ရှိကြောင်း၊ အာဟာရတန်ဖိုးကြွယ်ဝပြီး Trace element ပါဝင်သော စပီရူလိုင်းနားကို ပြင်ပသဘာဝကန်ကြီးများ(သို့တည်းမဟုတ်)အဆောက်အအုံအတွင်း controlled condition ဖြင့် မွေးမြူ၍ အများအပြား ထုတ်လုပ်နိုင်ကြောင်း၊ ရုရှားမှဇီဝနည်းပညာရှင်များသည် Trace element များ ပါဝင်သည့် Spirulina biomass ကို ပြင်ပကန်ကြီးများတွင် အများအပြား အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ဖော်ပြထားပါသည်။ စပီရူလိုင်းနားသည် လူသားများအတွက် အစာအာဟာရအဖြစ် စားသုံးနိုင်သော အော်ဂဲနစ်ဒြပ်ပေါင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့သော သုတေသနရလဒ်များအရ ယခုအခါကျန်းမာရေးကို အထောက်အကူပြုစေနိုင်သော ကျန်းမာအသက်ရှည်ပြီး နုပျိုစေသော အစားအစာထုတ်ကုန်အမယ်သစ်များကို ပိုမိုတီထွင်ထုတ်လုပ်လာသည်ကို တွေ့ရှိရပါသည်။ ဂျာမနီနိုင်ငံ၏ သုတေသနပြုချက်များအရလည်း စပီရူလိုင်းနားသည် Virus ပိုးများကို သတ်နိုင်သည့် အာနိသင်ရှိခြင်း၊ စပီရူလိုင်းနားတွင်ပါဝင်သော အပြာရောင်ချယ် Phycocyanin သည် နေရောင်ခြည်ဒဏ် (UV Light)ကို ခံနိုင်ရည်ရှိပြီး ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိ (Antioxidant activity) လည်းရှိ၍ ကိုယ်ခံစွမ်းအားတိုးမြှင့်စေခြင်း၊ ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို တိုးတက်စေပြီး ရောဂါမျိုးစုံဒဏ်မှ ကာကွယ်ပေးနိုင်ခြင်း၊ အသည်းတွင်အဆီပိအတောက်ဖြစ်ခြင်းနှင့် ရောင်ရမ်းခြင်းမှ ကာကွယ်နိုင်ခြင်း၊ အသည်းရောဂါ၊ အဆစ်ရောင်ရောဂါဖြစ်ပွားခြင်းကို ဟန့်တားနိုင်ခြင်း၊ စိတ်ဖိစီးမှုများကို လျော့ကျစေပြီး ကျန်းမာစေကာ ရောဂါမျိုးစုံ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိခြင်း၊ သံဓာတ်သွေးအားနည်းခြင်းရောဂါများမှ ကာကွယ်နိုင်ခြင်း၊ ဝဲနှင်းခူကဲ့သို့သော အရေပြားရောဂါဖြစ်ပွားမှုများမှ ကာကွယ်နိုင်ခြင်း၊ အူအတွင်းရှိ လူကိုအကျိုးပြုသည့် Lactobacillus ဗက်တီးရီးယားကို တိုးပွားစေခြင်း၊ မျက်စိရောဂါများပျောက်ကင်းစေခြင်းနှင့် သက်ရှည်နုပျိုစေခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် စပီရူလိုင်းနားသည် ကင်ဆာရောဂါကာကွယ်ကုသရာတွင် အသုံးပြုနိုင်ကြောင်းကို အမေရိကန်၊ ဂျပန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများတွင် လေ့လာသုတေသနပြုလုပ်ချက်များအရ သိရှိရပါသည်။ ဂျပန်နိုင်ငံ၌ သုတေသနပြုလုပ်ချက်အရ စပီရူလိုင်းနားမှထုတ်လုပ်ရရှိသော အပြာရောင်ချယ် Phycocyanin သည် ကင်ဆာရောဂါပြန့်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်ကြောင်း သိရှိရပါသည်။

စပီရူလိုင်းနားစိမ်းပြာရေညှိထဲတွင် ကိုလက်စထရောဓာတ် လုံးဝမပါရှိပါ။ ကိုလက်စထရောကို ဖျက်ဆီးနိုင်စွမ်းရှိသော မရှိမဖြစ်အဆီဓာတ်များ (Essential Fatty Acid)များစွာ ပါရှိကြောင်း စမ်းသပ်တွေ့ရှိရပါသည်။ ၎င်း Essential Fatty Acid များသည် ခန္ဓာကိုယ်၌ ပိုလျှံနေသော အဆီများကို ချေဖျက်ပေးပါသည်။ စပီရူလိုင်းနားတွင်ပါဝင်သော Essential Fatty Acid တစ်မျိုးဖြစ်သည့် (γ-Linolenic Acid) GLA သည် သွေးထဲရှိ ကိုလက်စထရောကိုသာမက သွေးကြောနံရံများတွင် ဝင်ရောက်တွယ်ကပ်နေသော အဆီဖတ်များကိုပါ ချေဖျက်နိုင်စွမ်းရှိသဖြင့် သွေးတိုး၊ နှလုံးသွေးကြောရောဂါဝေဒနာသည်များအတွက် အထူးအကျိုးရှိလှပါသည်။ ဂျပန်နိုင်ငံရှိ ဆရာဝန်များသည် စပီရူလိုင်းနားနှင့်ပတ်သက်၍ လူနာအများအပြားတွင် စမ်းသပ်မှုများပြုလုပ်ခဲ့ရာ စမ်းသပ်တွေ့ရှိချက်အရ စပီရူလိုင်းနားသည် သွေးတွင်းရှိ ကိုလက်စထရောကို သိသိသာသာကျစေကြောင်း သိရှိရပါသည်။

ထို့ပြင် စပီရူလိုင်းနားသည် ကမ္ဘာပေါ်ရှိအစားအစာများအားလုံးတွင် အမိုင်နိုအက်ဆစ် အပြည့်စုံဆုံးသော အစားအစာတစ်ခုဖြစ်ပါသည်။ ဆီးချိုရောဂါဖြစ်ပွားရခြင်းမှာ အင်ဆူလင်ကို ခန္ဓာကိုယ်က ကောင်းစွာမထုတ်လုပ်နိုင်ခြင်း၊ သို့တည်းမဟုတ် ထုတ်လုပ်နိုင်သော်လည်း အရည်အသွေးမပြည့်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ အင်ဆူလင်သည်ဟော်မုန်းတစ်မျိုးဖြစ်ပြီး အမိုင်နိုအက်ဆစ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ သို့ပါ၍ အမိုင်နိုအက်ဆစ်များပါသော စပီရူလိုင်းနားကိုမှန်မှန်စားသုံးပါက အင်ဆူလင်မော်လီကျူး တည်ဆောက်ရန်လိုအပ်သော အမိုင်နိုအက်ဆစ်များနှင့် ဆာလဖာမော်လီကျူးများ ရာခိုင်နှုန်းပြည့် ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စပီရူလိုင်းနားတွင် ခန္ဓာကိုယ်အတွက်လိုအပ်သော အာဟာရဓာတ် အမျိုးပေါင်း ၁၀၀ ကျော်ပါဝင်ပါသည်။ စပီရူလိုင်းနားတွင် အဓိကပါဝင်သော အာဟာရဓာတ်မှာ အသားဓာတ်ဖြစ်ပြီး စုစုပေါင်းအလေးချိန်၏ ၅၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း အထိပါဝင်သည်။ စပီရူလိုင်းနားတွင် ပါဝင်သော အသားဓာတ်မှာ တိရစ္ဆာန်မှရသော အသားဓာတ်မဟုတ်ဘဲ အပင်မှရသောအသားဓာတ်ဖြစ်သဖြင့် သက်သတ်လွတ်အသားဓာတ်ဟု ခေါ်ဆိုနိုင်ပါသည်။ ထို့ကြောင့်သက်သတ်လွတ် စားသူများ၊ ရဟန်းသံဃာများ၊ အသားဓာတ်ချို့တဲ့သူများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ၊ သက်ကြီးရွယ်အိုများ အတွက်အထူးသင့်လျော်သော အစာလည်းဆေး၊ ဆေးလည်းအစာတစ်ခု ဖြစ်ပါသည်။

စပီရူလိုင်းနားသည် အဆီပါဝင်မှုနည်းသော၊ ကိုလက်စထရောမပါဝင်သော၊ ကယ်လိုရီအနည်းငယ်သာတက်စေသော ပရိုတင်းဓာတ်ကြွယ်ဝသည့် အစားအစာတစ်မျိုးဖြစ်ပါသည်။ထို့ပြင် စပီရူလိုင်းနားတွင်ပါဝင်သော အဆီမှာလည်း အသားနှင့်ဥတို့တွင်ပါဝင်သော အဆီကဲ့သို့ ပြည့်ဝအဆီ(Saturated fat) မဟုတ်ဘဲ အသီးအနှံများတွင်သာပါလေ့ရှိသည့် မပြည့်ဝအဆီ(Unsaturated fat) အမျိုးအစားသာဖြစ်၍ ကျန်းမာရေးကိုအကျိုးပြုစေကြောင်း တွေ့ရှိရပါသည်။

စပီရူလိုင်းနားကို အနည်းငယ်စားရုံမျှဖြင့် အာဟာရဓာတ်များစွာရစေနိုင်သောကြောင့် အစာလျှော့စားသော်လည်း အာဟာရချို့တဲ့မှုမဖြစ်စေနိုင်ပါ။ မောပန်းနွမ်းနယ်မှုကိုလည်း ပျောက်ကင်းစေပြီး ထိရောက်သော ကိုယ်အလေးချိန်ချမှု (Diet) ပြုလုပ်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် လိုအပ်သော အာဟာရဓာတ်များကိုလည်း ဖြည့်တင်းပြီးဖြစ်ပါသည်။

အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုရိုးအတိုင်း စပီရူလိုင်းနားပါဝင်သော ဆေးဝါးများကိုမှီဝဲစားသုံးခြင်းဖြင့် အနာရောဂါကင်းပြီး သက်ရှည်ကျန်းမာနုပျိုစေမည်ဖြစ်ကြောင်း နိုင်ငံတကာမှ သုတေသနစာတမ်းများ၊ အထောက်အထားများ၊ လေ့လာတွေ့ရှိချက်များအရ သိရှိရပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(စစ်ကိုင်း)သည် ၁၉၈၉ ခုနှစ်မှစ၍ စပီရူလိုင်းနားထုတ်ကုန်ဖြစ်သော ပရိုဗီမင်ဆေးပြားကို နိုင်ငံအနှံ့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ စပီရူလိုင်းနားတွင် ပျားရည်၊ ရှားစောင်းလက်ပပ်နှင့် ဗီတာမင်စီ ထည့်သွင်းပြီး ၂၀၀၇ ခုနှစ်မှစ၍ အာဟာရဖြည့်အားဆေး ဘိုင်အိုမင်စီကိုထုတ်လုပ်လျက်ရှိရာ ရဟန်းရှင်လူပြည်သူအများ နှစ်ခြိုက်စွာ သုံးစွဲနေပြီဖြစ်ပါသည်။ ဂျာမနီနိုင်ငံမှ သုတေသနပြုချက်များအရ တွင်းတောင်စပီရူလိုင်းနားသည် Virus ပိုးများနှိမ်နှင်းနိုင်သည့် အာနိသင် (Antiviral Activity) မြင့်မားကြောင်း တွေ့ရှိချက်အရ ဂျာမနီနိုင်ငံ IGV Gmbh မှ Prof. Dr Dr Otto Pulz ၏ နည်းပညာအပေါ်အခြေခံ၍ Antivirus ဆေးသစ် Avamin ကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံ(စစ်ကိုင်း)မှ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားလှယ်နှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဆပ်ကော်မတီများက ကော်မတီများအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးအောင်ကိုက အခမ်းအနားကျင်းပရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကျိုက်ဝိုင်း မိဘမဲ့ကလေးများကျောင်း၌ ကျင်းပသည့် ပလုတ်တုတ်ကလေးဂျာနယ်၏ (၁၆)နှစ်ပြည့် အထိမ်းအမှတ်ပွဲတွင် ကလေးများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ပလုတ်တုတ်ကလေးဂျာနယ် (၁၆)နှစ်ပြည့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

တူဒေးစာအုပ်တိုက်က ထုတ်ဝေလျက်ရှိသော ပလုတ်တုတ် ကလေးဂျာနယ်၏ (၁၆)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ရန်ကုန်မြို့ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကျိုက်ဝိုင်း မိဘမဲ့ကလေးများကျောင်း၌ ကျင်းပရာ ပလုတ်တုတ်ကလေးဂျာနယ်၌ ပါဝင်ရေးဆွဲပေးနေသော ကာတွန်းဆရာများ တက်ရောက်ခဲ့ကြပြီး ကလေးများအား နေ့လယ်စာဒံပေါက်နှင့် မုန့်များဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

THAMES တွင် Diploma in Business လေးလသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

လုပ်ငန်းခွင်ဝင်စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု Diploma သင်တန်းဖြစ်သော Diploma in Business သင်တန်းကို Thames Management Centre (Yangon) နှင့် (Mandalay) တို့၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း၏ ရည်ရွယ်ချက်မှာ စီးပွားရေးနယ်ပယ်အသီးသီး၌ ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက အခြေခံကျသည့် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများကို သိရှိနားလည်ပြီး စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ စီးပွားရေးနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုပေါင်းရှာဖွေပြီး အချိန်မီ စိစစ်တွက်ချက်နိုင်ရန်၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းများကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက် ဆုံးဖြတ်နိုင်ရန်၊ စီးပွားရေးနှင့်ဈေးကွက်အတွင်း စနစ်တကျရှိရမည့် လူထုဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များကို တတ်ကျွမ်းရန်၊ စီးပွားရေးလုပ်ငန်းခွင်အတွင်း မဖြစ်မနေ တတ်မြောက်ထားရမည့် Internet နှင့် Email အသုံးပြုပုံများနှင့် အခြေခံကျသော ကွန်ပျူတာပိုင်းဆိုင်ရာ ပညာရပ်များကို တတ်ကျွမ်းစေရန်အတွက် ပြည့်စုံလုံလောက်သည့် လုပ်ငန်းခွင်ဝင်စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု ပညာရပ်များကို အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် လေ့လာသင်ယူခွင့်ရရှိနိုင်ရန်တို့ဖြစ်သည်။

သင်တန်းတွင် Computer Application, Accounting Fundamental, Essentials of Management Skills, Communication Skills at Work စသည့်ဘာသာရပ်များပါရှိသည်။

သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သွင်းကုန်ထုတ်ကုန် လုပ်ငန်းကြီးများ၊ ဟိုတယ်နှင့်စားသောက်ဆိုင်များ၊ Shopping Centre များ၊ စတိုးဆိုင်ကြီးများ၊ ဘဏ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် စက်ရုံ အလုပ်ရုံကြီးများ အစရှိသော စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးတွင် အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Thames Management Centre, Yangon ဖုန်း -၀၁-၅၂၅၉၇၁၊ ၅၀၁၄၅၀နှင့် ၇၀၆၇၄၀ မြေနီကုန်းပလာဇာ ဒုတိယထပ် (ဒဂုံစင်တာနှင့်ဂမုန်းပွင့်ကြား) ဗားကရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နှင့် Thames Management Centre, Mandalay ဖုန်း-၀၂-၆၉၃၁၈နှင့် ၆၉၃၁၉ အမှတ်(C-44) ၃၂လမ်း× ၃၃ လမ်းကြား၊ ၇၇လမ်း×၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်)၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးငြှိမ်းသတ်မှု (သရုပ်ပြ)လေ့ကျင့်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြှိမ်းသတ်မှု (သရုပ်ပြ) လေ့ကျင့်ဆောင်ရွက်ခြင်းတို့ကို မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးဌာနမှူး ဦးကျော်ဆန်းက အသိပညာပေးဟောပြောခြင်း၊ မီးဘေးကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် မီးငြှိမ်းသတ်ရန် နည်းလမ်းများကို ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်ပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်းရှိ မီးသတ်ဆေးဘူးများ အသုံးပြု၍ ဝန်ထမ်းများဖြင့် လက်တွေ့ပက်ဖျန်းငြှိမ်းသတ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်)၌ တာမွေမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြှိမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၇)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "ရုပ်နာမ်ခွဲ၊ ပညတ်ပရမတ်ခွဲ" တရားတော် (ဆရာတော်ဦးဃောသိတ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၂၃)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၀)**
- ၈:၄၀ Myanmar Casual Wear Super Star Singing Contest အကြိုပြင်ဆင်နေမှုများ
- ၉:၀၀ Activities In The City (တိုက်ကြီးမြို့ အ. ထ. က ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ)
- ၉:၂၀ အားကစားမြင်ကွင်းစုံ (Man U အကြောင်း ပြောကြားသူများ) (ပိုင်ဇေရဲထွန်း၊ ဖိုးချစ်၊ ဝေမင်းမောင်)
- ၉:၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ကြိုးကြာတောင်ပံခတ်သံ)
- ၁၀:၂၅ Industrial Talk [ဒေါက်တာတိုးအောင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁:၀၀ ခာတ်ပုံထဲမှအမှတ်တရများ (ဟက်ကက်)
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ မျှော်လင့်ခြင်းခရီးစဉ်. . . ဖြစ်ရပ်မှန်(၁) (ရင်သားကင်ဆာ)
- ၁၂:၃၀ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့. . . (အဓိကကူးစက်တတ်သောရောဂါများကာကွယ်ထိန်းချုပ်ရေးစီမံကိန်း)
- ၁:၀၀ "ရုပ်နာမ်ခွဲ၊ ပညတ်ပရမတ်ခွဲ" တရားတော် (ဆရာတော်ဦးဃောသိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း (ပူတာကောင်းတယ်၊ အေးတာကောင်းတယ်)
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၃)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၀)**
- ၄:၄၅ ယခင် အ. လ. က(၃)သာကေတ အာစရိယပူဇော်ပွဲ
- ၅:၀၀ ထူးချွန်သူတို့မွေးဖွားပေးရာ Prestige International
- ၅:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Myanmar Professional Development Centre & Assumption University Gathering Party)
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Diamond City စိန်နှင့် ပလက်တီနမ်ဆိုင်သစ်ဖွင့်ပွဲ)
- ၆:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၄)**
- ၇:၂၀ Cartoon Show Time (Alpha and Omega)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သင်ကြားရေးလမ်းညွှန် (တခိုင်လုံးရွှေအေးအေးမြင့် အကသင်တန်း)
- ၈:၄၅ သင်ယူလေ့လာဂီတပညာ (Cycle of Fifths) (Part-11)
- ၉:၀၀ Celebrity Style (ခင်ဘုဏ်း)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၁)**
- ၁၀:၀၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့မိသားစုအတွက် မဥ္ဇူလမ်းကအိမ်ကလေး)
- ၁၀:၃၀ "ရွှေဖြူ"ဟုခေါ်သည် (အပိုင်း-၂)
- ၁၀:၅၀ အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
- ၁၁:၃၅ သောတ္တိသေနသမ္ဗုလ ဇာတ်တော်ကြီး (ရန်ကုန်ပန်တျာကျောင်း)
- ၁၂:၁၅ World of Knowledge (World's Toughest Fixes: Giant Antenna)
- ၁:၀၀ ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လျော်ကားဉယျာဉ်)
- ၁:၁၀ ရိုးရာအလုပ်မှာ နှီးတောင်းနှီးဖျာ
- ၁:၂၀ Movie Mistakes (King Kong)
- ၁:၄၀ မြန်မာစာ၊ မြန်မာစကား
- ၂:၀၀ Shooting Location (ကီလီ ၆)
- ၂:၂၅ စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
- ၂:၃၅ ဘဝများ (တင်မိုးလွင်)
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
- ၄:၃၀ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (နဂါးမောက်ပင်စိုက်ပျိုးနည်း)
- ၄:၄၅ ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ဆုချီးမြှင့်

တာမွေမြို့နယ် အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ စတုတ္ထတန်းမှ ဘာသာစုံထူးချွန်ပထမဆုရ မောင်မိုးသူကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

မူဆယ်လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးဂေဟာ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့သော မူဆယ်လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးဂေဟာ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ အဆိုပါ အဆောက်အအုံရှေ့ မုခ်ဦး၌ကျင်းပရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီး စိုးမြိုင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီးညွန့်လှိုင်၊ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးဟိန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောဝင်းနှင့် ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ UNICEF၊ UNIAP၊ WV (M)၊ SC နှင့် AFXB တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မူဆယ်ခရိုင်ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင်တို့က ဂေဟာအဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူးက ဂေဟာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကိုယ်စား ရဲမှူးကြီးစိုးမြိုင်က အဖွင့်အမှာစကား ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောဝင်းနှင့် မူဆယ်ခရိုင်ဥက္ကဋ္ဌတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

အဆိုပါဂေဟာမှာ အလျား ၉၈ ပေ၊ အနံ ၃၆ ပေရှိ လူကုန်ကူးခံရသူ ၅၀ စောင့်ရှောက်ပေးနိုင်သည့် ဂေဟာဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရလှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၉၅၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဂေဟာ၌ လိုအပ်သည့် ရုံးသုံးပစ္စည်း၊ အသုံးအဆောင်ပစ္စည်းများကို UNIAP ၏ စီစဉ်ပေးမှုအရ COMMIT ရန်ပုံငွေမှ ငွေကျပ်သိန်း ၄၀ ဖိုး ဖြည့်ဆည်းပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား လူကုန်ကူးမှုပြဿနာကို ပူးပေါင်းတိုက်ဖျက်ရန် ၂၀၀၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြပြီး ၂၀၀၉ ခုနှစ်တွင် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ နယ်စပ်ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်းဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၀ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ၁၈၃ ဦးကို ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

အလားတူ နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများ၏ ပူးပေါင်းဆောင်ရွက်မှုအရ လူကုန်ကူးမှု ၁၂ မှု၊ လူကုန်ကူးတရားခံ ကျား ရှစ်ဦး၊ မ ၂၄ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ယနေ့တည်ဆောက်ဖွင့်လှစ်ခဲ့သော ဂေဟာသည် အဆိုပါလူကုန်ကူးခံရသူများအား နိုင်ငံတကာ စံနှုန်းများနှင့်အညီ ကူညီစောင့်ရှောက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့သော မူဆယ် လူကုန်ကူးခံရသူများစောင့်ရှောက်ရေးဂေဟာ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ASIA MASTERS ဟိုတယ်နှင့် နိုင်ငံခြားဘာသာစကားသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)နှင့် အင်္ဂလန်နိုင်ငံ Confederation of Tourism and Hospitality(CTH) အသိအမှတ်ပြု Asia Masters ဟိုတယ်သင်တန်းကျောင်းသည် ပြည်တွင်းပြည်ပ အလုပ်အကိုင် ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းငယ် လုပ်လိုသူများအတွက် အထူးအသက်မွေးသင်တန်း တစ်ခုကို မတ် ၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းအမျိုးအစားအနေဖြင့် အလုပ်အကိုင် ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအတွက် နှစ်လ Certificate သင်တန်းများ၊ တစ်နှစ် နိုင်ငံတကာအသိအမှတ်ပြု CTH Hotel Management Diploma သင်တန်းများ၊ အင်္ဂလိပ်၊ ဂျပန်ဘာသာစကား သင်တန်းများနှင့် ကွန်ပျူတာသင်တန်းများ ပါဝင်သည်။

နှစ်လ Certificate သင်တန်းများတွင် ဟိုတယ်စားဖိုမှူး၊ ဘားဝန်ထမ်း၊ စားပွဲထိုး၊ ဧည့်ကြိုနှင့် လေယာဉ်မယ်၊ အိပ်ခန်းဆောင်ထိန်း၊ အဲယားကွန်းကျွမ်းကျင်၊ အရောင်းနှင့် ငွေကိုင်ဝန်ထမ်းသင်တန်းဟူသည့် သင်တန်းခုနစ်မျိုး ပါဝင်သည်။ Certificate သင်တန်းများအတွက် အသက်အရွယ်မရွေး၊ ကျားမ မရွေး၊ ပညာအရည်အချင်းမရွေး တက်ရောက်နိုင်သည်။

တစ်နှစ် CTH Diploma in Hotel Management သင်တန်းမှာ အင်္ဂလန်နိုင်ငံ CTH အသိအမှတ်ပြုဖြစ်ပြီး ပြည်တွင်းပြည်ပ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများတွင် မန်နေဂျာဖြစ်လိုသူများ တက်ရောက်သင့်သည့် သင်တန်းဖြစ်သည်။ ဘာသာရပ် ၁၀ ခု ပါဝင်ပြီး တစ်နှစ်တွင် စာမေးပွဲ သုံးကြိမ်ရှိသည်။ စာမေးပွဲများကို ဇန်နဝါရီ၊ ဇွန်နှင့် စက်တင်ဘာလများတွင် ကျင်းပပြီး မိမိပိုင်နိုင်သည့် ဘာသာရပ်များကို စိတ်ကြိုက်ဖြေဆိုနိုင်သည်။ ပညာအရည်အချင်းမရှိပါက လုပ်ငန်းအတွေ့အကြုံရှိသူများ တက်ရောက်နိုင်သည်။ Diploma သင်တန်းပြီးဆုံးပါက Advanced Diploma သင်တန်း တစ်နှစ်ကို မြန်မာနိုင်ငံတွင် ဆက်လက်တက်ရောက်နိုင်သည်။ နောက်ဆုံးနှစ် ဘွဲ့ယူရန်အတွက် နိုင်ငံတကာတက္ကသိုလ်များတွင် ဆက်လက်တက်ရောက်နိုင်သည်။

ပြည်တွင်းပြည်ပ အလုပ်အကိုင်ရှာဖွေသူများနှင့် နိုင်ငံတကာပညာရေး ဆက်လက်သင်ကြားလိုသူများအတွက် အင်္ဂလိပ်ဘာသာစကားနှင့် ဂျပန်ဘာသာစကား သင်တန်းများဖွင့်လှစ်ထားသည်။ သင်တန်းအမျိုးအစားအလိုက် သင်တန်းကာလ နှစ်လမှ သုံးလအထိဖြစ်ပြီး ဝါရင့်ဆရာများမှ သင်ထောက်ကူပစ္စည်း အပြည့်အစုံဖြင့် သင်ကြားပေးလျက်ရှိသည်။ ကွန်ပျူတာ သင်တန်းများအနေနှင့် Basic & Internet၊ DTP၊ Graphic Design၊ AutoCAD နှင့် ကုမ္ပဏီများတွင် အလုပ်အကိုင်အမြန်ရရှိနိုင်သည့် Business Computing သင်တန်းများ ပါဝင်သည်။

Asia Masters သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဘက်စုံဖွံ့ဖြိုးရေး သင်တန်းတစ်ခုဖြစ်ပြီး သင်တန်းတစ်ခု တက်ရောက်သူတိုင်းကို အင်္ဂလိပ်/တရုတ်ဘာသာစကား၊ ကွန်ပျူတာ အခြေခံနှင့် အင်တာနက်၊ ကိုယ်ကာယ အလှသင်တန်း၊ ယူနီဖောင်းနှင့် ရန်ကုန်မြို့တွင်း ဟိုတယ်နှင့် စားသောက်ဆိုင်များ လေ့လာရေးခရီး၊ အလုပ်အကိုင် သတင်းအချက်အလက်တို့ကို အခမဲ့ထည့်သွင်းပေးထားသည်။ မြန်မာနိုင်ငံဟိုတယ်၊ စားသောက်ဆိုင်များ အပြင် ယူအေအီး၊ ကာတာ၊ ကူဝိတ်၊ ဆော်ဒီ၊ အိုမန်၊ ဘာရိန်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများမှ ဟိုတယ် SOP များအတိုင်း သင်ကြားပေးသဖြင့် အလုပ်အကိုင်အတွက် ပြင်ဆင်ထားပြီး ဖြစ်သည်။

သင်တန်းများကို မတ် ၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဖုန်း -၃၇၉၃၁၁၊ ၃၉၁၃၇၈ လိုင်းခွဲ -၇၁၅၊ ၇၃၀၅၀၆၀၃ နှင့် ၇၃၁၂၁၆၄၃ Email အမှတ် kml 1983.a @ gmail.com သို့လည်းကောင်း၊ Website အမှတ် www. asiamasters.org တွင်လည်းကောင်း စုံစမ်းစာရင်းသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ

နိုင်ငံတကာအားကစားသတင်းများ

နိုင်ငံတကာအားကစားသတင်းများ

မန်ယူနောက်ခံလူအီဗရာ အသင်းနှင့် စာချုပ်သက်တမ်းတိုး

မန်ချက်စတာ ဖေဖော်ဝါရီ ၂၂

အင်္ဂလိပ်ပရီမီယာလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် မန်ယူအသင်း၏ ဘယ်နောက်ခံလူ အီဗရာသည် ယမန်နေ့က အသင်းနှင့် စာချုပ်သက်တမ်းတိုးချုပ်ဆိုလိုက်သည်။ စာချုပ်သစ်ကြောင့် အီဗရာသည် အိုးထရက်ဖို့ဒ်တွင် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကုန်အထိ ရှိနေမည်ဖြစ်သည်။

အသက် (၂၉)နှစ်ရှိ ပြင်သစ်နိုင်ငံသားအီဗရာသည် ၂၀၀၆ခုနှစ်က မိုနာကိုအသင်းမှ မန်ယူသို့ ပေါင်ငါးသန်းဖြင့်ပြောင်းရွှေ့ရောက်ရှိလာပြီး မန်ယူအတွက် ၂၂၆ပွဲ ပါဝင်ကစားထားသည်။ မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတိုးခဲ့သည့် အီဗရာက“မန်ယူကစားသမားတစ်ယောက်ဖြစ်ဖို့က ကျွန်တော့်ရဲ့ စိတ်ကူးယဉ် အိပ်မက်ပါ။ အဲဒီအိပ်မက်ကိုအကောင်အထည်ဖော်နိုင်ခဲ့တဲ့ လွန်ခဲ့တဲ့ငါးနှစ်က စပြီး မန်ယူအတွက် အကောင်းဆုံးကစားပေးခဲ့ပါတယ်။ ရှေ့ဆက်ကြိုးစားပြီး မန်ယူအသင်းနဲ့အတူ အောင်မြင်မှုတွေကို ရယူသွားဦးမှာပါ” ဟု ပြောကြားသည်။ အသင်းနည်းပြဖာဂူဆန်က “အီဗရာဟာ ကမ္ဘာ့အကောင်းဆုံး ဘယ်နောက်ခံကစားသမားတစ်ယောက်ပါ”ဟု ချီးကျူးစကားဆိုခဲ့သည်။

အင်တာနက်။

မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတိုးချုပ်ဆိုနေသည့် အီဗရာ။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် တိုက်ကြီးများအလိုက်ခွဲတမ်းကို မတ်လတွင် ဆွေးနွေးမည်

ရီယိုဒီဂျနေရို ဖေဖော်ဝါရီ ၂၂

ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် တိုက်ကြီးများအလိုက် ပါဝင်ခွင့်ရမည့် အသင်းများ၏ ခွဲတမ်းကို မတ်လတွင် ဆွေးနွေးဆုံးဖြတ်သွားမည်ဟု သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ အလုပ်အမှုဆောင် အစည်းအဝေးကို မတ် ၂ရက်နှင့် ၃ရက်တို့တွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါကိစ္စကို အချေအတင်ဆွေးနွေးဆုံးဖြတ်ရဖွယ် ရှိနေသည်။ ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ်များရေးဆွဲမှုကိုမူ ဇူလိုင် ၃၀ ရက်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့၌ ကျင်းပမည်ဖြစ်သည်။

အင်တာနက်။

UEFA က ဂတ်တူဆိုအား လေးပွဲပယ် ပြစ်ဒဏ်ချမှတ်

မီလန် ဖေဖော်ဝါရီ ၂၂

အီတလီမြေ ဆန်စီရိုတွင် အေစီမီလန်အသင်းနှင့် စပါးအသင်းတို့ ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အေစီမီလန် ကွင်းလယ်ကစားသမား ဂတ်တူဆို၏ အပြုအမူများမှာ ရိုင်းစိုင်းခဲ့၍ UEFA က လေးပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်သည်။

အဆိုပါပွဲတွင် ဂတ်တူဆိုသည် စပါးအသင်း၏ လက်ထောက်မန်နေဂျာ ဂျိုးဂျော်ဒန်ကို ရိုင်းစိုင်းသည့် အပြုအမူများဖြင့် တွန်းထိုးခဲ့သည့်အတွက် ယင်းပြစ်ဒဏ်ကို ချမှတ်လိုက်ခြင်းဖြစ်သည်။ ၎င်းပွဲစဉ်အပြီးတွင် ဂတ်တူဆိုအနေဖြင့် ဂျိုးဂျော်ဒန်ကို ပြန်လည်တောင်းပန်ခဲ့သော်လည်း လေးပွဲပယ်ခံရပြီး အဝါကတ်ပြစ်ဒဏ်နှင့် ပါဆိုလျှင် ဂတ်တူဆိုမှာ ငါးပွဲအထိ ပါဝင်ကစားခွင့်ရတော့မည် မဟုတ်တော့ပေ။

အင်တာနက်။

ဂျိုးဂျော်ဒန်ကို ရိုင်းစိုင်းစွာတုံ့ပြန်နေသည့် ဂတ်တူဆို။

ဟန်သစ်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ သစ်အချောထည်စက်ရုံများ ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန်　　ဖေဖော်ဝါရီ　၂၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုမြို့ရှိ Beautiful Wood Industry Co., Ltd. သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမန်နေဂျင်းဒါရိုက်တာနှင့် စက်ရုံမှူးတို့က သစ်အချောထည်များ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သစ်အချောထည်

ဆက်လက်၍ Myanmar Technologies Industry သစ်အချောထည်စက်ရုံနှင့် Lin Win Co., Ltd. သစ်အချောထည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံများမှ သစ်အချောထည်ပရိဘောဂပစ္စည်းများကို အရှေ့တောင်အာရှနှင့် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် Lin Win Co., Ltd. သစ်အချောထည်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော်　　ဖေဖော်ဝါရီ　၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် မြိတ်မြို့တွင် သုည ဒသမ ၁၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၃ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၁၀ ၇။ မြူမြူကြွကြွယဉ်ကျေးမှုအက
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ "လူကူးမျဉ်းကျားမှကူးမယ်"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ သီချင်းကြီးပဒေသာ
၅း၀၀ ၇။ "ကြားညှပ်သီးနှံဖရဲ"
၅း၀၅ ၈။ တေးဂီတအစီအစဉ်
၅း၂၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၃၅ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅ ၁၄။ ရွှေရင်ခုန်သံ
၇း၀၅ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၄၀ ၁၆။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၁၄)
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၃၈)**
၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း "ရင်သို့ချိန်ရွယ်ပစ်ခွင်းသော" (ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဇော်မြင့်ဦး)
၂၃။ အစီအစဉ်ပြီး၏။

Super Power အဆင့်မြင့် အင်ဂျင်ဝိုင်စက်ဆီ၊ ချောဆီရောင်းအားမြှင့် စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန်　ဖေဖော်ဝါရီ　၂၂

Myanmar New Stars Industry Co., Ltd. ၏ ၂၀၁၀ ခုနှစ်အတွက် အဌမအကြိမ်မြောက် Super Power, Speed နှင့် Super Rocket အဆင့်မြင့် အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီရောင်းအား အမြင့်ဆုံးစွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် အမှတ်(က-၃၉) အခန်း(၉) ဘုရင့်နောင်ဈေးအပြင်ဘက်တန်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ Myanmar New Stars Industry Co., Ltd. Managing Director ဦးကိုလေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၀ ခုနှစ် တစ်နှစ်တာကာလအတွင်း ရောင်းအားအမြင့်ဆုံးစွမ်းဆောင်ရည်ပထမဆုရ အန်တီဝင်း (တာယာ၊ ဘက်ထရီနှင့် အင်ဂျင်ဝိုင်ရောင်းဝယ်ရေး)ဘုရင့်နောင်ဈေး၊ ဒုတိယဆုရ ကိုနေဝင်း (စာရေးကြီး ကားပစ္စည်းဆိုင်)တောင်ကြီးမြို့နှင့် တတိယဆုရ ကိုဝင်းထွန်း (ဝင်းထွန်းကားပစ္စည်းဆိုင်) ဒဂုံမြို့သစ် (မြောက်ပိုင်း)တို့အား ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် အရောင်းကိုယ်စားလှယ် ၅၁ ဦးတို့အား ဂုဏ်ပြုငွေသားဆုကို လည်းကောင်း၊ ကျန်အရောင်းကိုယ်စားလှယ် ၄၉ ဦးတို့အား ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည်အလိုက် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

Myanmar New Stars Industry Co., Ltd. သည် U.A.E နိုင်ငံမှ Super Power, Speed နှင့် Super Rocket အဆင့်မြင့်အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီများကို မြန်မာပြည်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ရယူပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အတွက် လက်လီလက်ကား ဝယ်ယူရောင်းချလိုသူများ အနေဖြင့် အမှတ်(က-၃၉) အခန်း(၉) ဘုရင့်နောင်ဈေးအပြင်ဘက်တန်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၈၆၂၆၃၊ ၆၈၆၇၂၇၊ ဖက်စ်-၆၈၆၃၀၆ သို့လည်းကောင်း၊ အထက်မြန်မာပြည် မန္တလေးရုံးခွဲ အမှတ်(၃၃၀) ၈၂လမ်း ၂၈×၂၉ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၃၄၃၊ ၂၁၁၆၀ တို့သို့ လည်းကောင်း၊ အထက်မြန်မာပြည် မြစ်ကြီးနားရုံးခွဲ အမှတ်(၁၃၄) ရှမ်းစုမြောက် မြစ်ကြီးနားမြို့ ဖုန်း-၀၉-၄၇၀၀၁၄၂၇၊ ၀၉-၄၇၀၃၄၆၁၇ တို့သို့ လည်းကောင်း ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

○ **ကျောဖုံးမှ**

၁၀၀ ရာခိုင်နှုန်း ဂျာမနီနို့စားနွားမျိုးရည်ချောင်းများအား မေထုန်မဲ့သားစပ်နည်းဖြင့် မျိုးမြှင့်သားစပ်ပေးလျက်ရှိရာ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ဦးစိုင်းဝမ်းပိုင် မျိုးသန့်ဖရီရှန်နို့စားနွားခြံမှ ၇၅ ရာခိုင်နှုန်း၊ ဖရီရှန်နွားမကြီးကို ၁၀၀ ရာခိုင်နှုန်း ဂျာမနီမျိုးချောင်းဖြင့် ၂၀၁၀ ခုနှစ် မတ်လတွင် သားစပ်ပေးခဲ့ရာ ဇန်နဝါရီ ၇ ရက်တွင် ယင်းနွားမကြီးမှ ၈၇ ဒသမ ၅ ရာခိုင်နှုန်းအဆင့်ရှိ ဖရီရှန်နွားမလေးတစ်ကောင် မွေးဖွားခဲ့သည်။ မွေးဖွားလာသော နွားလေး**(အောက်ပုံ)**၏ အရောင်အသွေးသည် အဖြူအနီကြား ဖရီရှန်နွားမလေးဖြစ်ပြီး အဆိုပါ နွားမကြီးနှင့် နွားမလေး၏ ကျန်းမာရေးကို ရှမ်းပြည်နယ်(တောင်ပိုင်း)မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်နှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာသက်နိုင်မိုးတို့က စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

(တိ/မွေးကု)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန်　　ဖေဖော်ဝါရီ　၂၂

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၈)တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုသက်တမ်းကာလအတွင်း နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်းမပြုဟု အာမခံကြောင်း အထူးစက်မှုဇုန်ဥပဒေတွင် အတိအလင်းဖော်ပြ၊ ဒိန်းမတ်ရေလုပ်ငန်းရှင်များ လက်ခပေးစနစ်ဖြင့် ငါးအသားလွှာလုပ်ငန်း မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်မည်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ တရုတ်ကုမ္ပဏီတစ်ခုမှ လုပ်ကိုင်ခွင့်ရ၊ ငါးသိန်းတန် ဂျီအက်စ်အမ် အင်တာနက်ဝန်ဆောင်မှု နေပြည်တော်တွင်သာ အသုံးပြုခွင့် ပေးထားဦးမည်၊ စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်နှင့် လုပ်ငန်းသုံးယာဉ်များကြောင့် နေပြည်တော်တွင် ခရီးသွားမော်တော်ယာဉ်များ ယာဉ်အန္တရာယ်စိုးရိမ်နေရ၊ ခြေပုပ်လက်ပုပ်ရောဂါ အမျိုးသမီးများတွင် ဖြစ်ပွားလာ ကျန်းမာရေးဆောင်းပါး၊ ဘုရင့်နောင်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ပြည်ပဖျော်ဖြေပွဲနှင့် အနုပညာရှင်များအမြင်၊ ကိုရီးယားက အနုပညာရှင်တွေ တော်တော်လေးစည်းကမ်းရှိကြတယ် အောင်ကိုလတ်နှင့် လိုတိုဗျူး စသည့် ကဏ္ဍစုံလင်စွာပါရှိသည်။

တရုတ်သည် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာ၊ အိမ်တွင်အသုံးပြုသော ထင်း၊ ဓာတ်ဆီမှထွက်သည့် ကာဗွန်မိုနောက်ဆိုဒ်က လူသတ်တရားခံဖြစ်ကြောင်းတွေ့ရှိ၊ အရောင်ပြောင်းသွားသည့် ဗင်ဂိုး၏ပန်းချီကားများကို သိပ္ပံပညာရှင်တို့ လေ့လာ၊ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ နိုင်ငံရေး၊ ကျန်းမာရေး၊ စီးပွားရေးနည်းပညာ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

(သတင်းစဉ်)

နှစ်ဖက်မိဘများဖြစ်ကြသော ဦးမောင်မြင့်-ဒေါ်ခင်မြင့်၊ ဦးသန်းမောင်-ဒေါ်ခင်ရီရီတို့အား ရည်စူး၍ ကမ္ဘာအေး ဗီလာအိမ်ရာကွန်ဒို ရှစ်မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာဇော်ဝင်းမြင့်-ဒေါ်ဆွေဆွေသန်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာကုဋီနှင့် ရေချိုးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးဝင်းလွင် လက်ခံစဉ်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဆိုင်းဘုတ်ပြုလုပ်ခြင်းနှင့် မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို အင်ဂျင်နီယာမှူး ဦးအောင်စိုး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးတင်နိုင်အေး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၅၂)ကြိမ်မြောက် သူနာပြုနှင့် သားဖွားညီလာခံ ကျင်းပ

ရန်ကုန်　ဖေဖော်ဝါရီ　၂၂

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၏ (၅၂)ကြိမ်မြောက် သူနာပြုနှင့် သားဖွားညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပင်မခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှက အဖွင့်အမှာစကား ပြောကြားပြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့ထူးချွန် ကျန်းမာရေးဝန်ထမ်းဆု ချီးမြှင့်ခြင်းခံရသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်းကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးအား အထူးဂုဏ်ပြုရွှေစင်ရုပ်တုကို ချီးမြှင့်၍ သူနာပြုနှင့် သားဖွားအသင်းမှ တာဝန်ရှိသူများနှင့် Mo Asia Co.,Ltd. (DUMEX) မှ Nutrition Manager ဒေါ်စုစုလွင်တို့ကလည်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဥက္ကဋ္ဌက ညီလာခံကျင်းပရာတွင် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

အဆိုပါ ညီလာခံကို ဖေဖော်ဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CCCC TDG Tainjin Dredging Co., Ltd. ဥက္ကဋ္ဌ Mr. Qian Xianguo ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဒါဒို့ပြေ ဒါဒို့မြေနှင့် အခြားဆောင်းပါးများ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

စာရေးဆရာမ မိပြည်ချစ် ရေးသားသည့် ဒါဒို့ပြေ ဒါဒို့မြေနှင့် အခြားဆောင်းပါးများစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါ စာအုပ်တွင် ဘာတွေဘယ်လိုလုပ်မယ်စဉ်းစားနေလဲ၊ ချစ်ကြစမ်းပါ့ အမိမြေ၊ ငြိမ်းချမ်းပါစေဆုမွန်ခြွေ၊ ကိုယ့်ဝန်တာ၊ မြန်မာ့အလှမြန်မာ့သဘာဝ၊ အားလုံးအတွက်မနက်ဖြန်၊ ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စုကို၊ ဒါဒို့ပြေ ဒါဒို့မြေ အစရှိသည့် ဆောင်းပါးများ ပါဝင်သည်။

ဤစာအုပ်ကို ဖတ်ရှုသူတိုင်း မြန်မာ့ရေ၊ မြန်မာ့မြေ၊ မြန်မာ့အလှ၊ မြန်မာ့ဘဝကို ပိုမိုချစ်မြတ်နိုး တန်ဖိုးထားလိုစိတ်များ ပွားများလာကာ အမိမြေကိုကာကွယ်စောင့်ရှောက်လိုစိတ်များလည်း တဖွားဖွား ပေါ်ပေါက်လာစေမည်ဖြစ်သည်။ အထူးသဖြင့် လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများအတွက် အကျိုးရှိစေရန် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေထားခြင်းက ဤစာအုပ်၏ ထူးခြားချက်ပင်ဖြစ်သည်။ စက္ကူဖြူချော၊ ရောင်စုံရှုခင်း ဓာတ်ပုံများဖြင့် လှလှပပ သပ်သပ်ရပ်ရပ် ပြင်ဆင်ထုတ်ဝေထားပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) (၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း -၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ်



ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀ က ဖြန့်ချိလိုက်ကြောင်း သိရသည်။(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CCCC TDG Tainjin Dredging Co., Ltd. ဥက္ကဋ္ဌ Mr. Qian Xianguo ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် သောင်တူးဖော်ခြင်းနှင့် မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း နည်းပြများသင်တန်းဖွင့်

မကွေး ဖေဖော်ဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း တိုင်းဒေသကြီးအဆင့် သင်တန်းနည်းပြများ သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က မကွေးမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဝင်းက သင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်သိန်း၊မကွေးတိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးထန်ဒိုးကျင့်၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့မှ တာဝန်ရှိသူများ၊ ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဆွေ၊ခရိုင်မြေစာရင်းဦးစီးဌာနမှူးများ၊ သင်တန်းသားဦးစီးအရာရှိ ၁၂ဦး၊ ဒုတိယဦးစီးမှူး၂၇ဦး၊ လက်ထောက် ဦးစီးမှူး ၄၁ဦး စုစုပေါင်း ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ (၃၃၃)

တွံတေးမြို့နယ်အသင်း(ရန်ကုန်) ရာသက်ပန်နာယကဟောင်း ဦးကျော်ဝင်းအားရည်စူး၍ ဒဂုံမြို့နယ် အလုံလမ်းနေ ဒေါ်ခင်လေးကြည်နှင့် သားသမီးတစ်စုက တွံတေးမြို့နယ်အသင်း(ရန်ကုန်) အဆောက်အအုံ ဆောက်လုပ်ရေးအတွက် မတည်လှူဒါန်းငွေကျပ်၂၅သိန်းကို အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းထံ ဖေဖော်ဝါရီ ၂၀ ရက်က ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မင်းပြားမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မင်းပြားမြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅) နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့ကြသော သားသမီးများ စာရင်းကို ဒေါက်တာစံလှကျော် ဖုန်း- ၇၃၀၁၂၂၉၆၊ ဦးထွန်းကျော် ဖုန်း-၀၁-၅၁၁၄၄၀၊ ဦးကျော်ဝင်း ဖုန်း-၇၃၀၂၉ ၃၄၃၊ ဦးသန့်စံ ဖုန်း-၀၉-၈၅၀၁၈၀၀ တို့သို့ ဖေဖော်ဝါရီ ၂၄ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မော်လမြိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မော်လမြိုင်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို မတ် ၂၇ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် မော်လမြိုင်ဓမ္မာရုံ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မော်လမြိုင်ဒေသ နယ်သူနယ်သားများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသက်(၈၀) ပြည့်ပြီးသော အသင်းဝင်များ စာရင်း၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိ သော သားသမီးများ၏ အမည်စာရင်းကို ဥက္ကဋ္ဌ ဦးမောင်သန်း ဖုန်း-၅၅၇၂၇၈၊ ဒုဥက္ကဋ္ဌ ဒေါ်အေးအေးစိုး ဖုန်း-၅၃၇၂၈၈၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်း ဖုန်း-၃၈၅၉၅၆၊ ဘဏ္ဍာရေးမှူး ဦးကျော်မင်း ဖုန်း-၂၉၃၆၈၃၊ စည်းရုံးရေးမှူး ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁နှင့် ဓမ္မာရုံဖုန်း-၃၇၅၇၂၃ သို့ မတ် ၂၀ ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

တောင်ငူ ဖေဖော်ဝါရီ ၂၂

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဗောဓိကုန်းကျေးရွာရှိ အမှတ်(၆၉) သစ်စက်၌ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးဟောပြောပွဲနှင့်လက်တွေ့ ဇာတ်တိုက်သရုပ်ပြပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ကျင်းပရာ အုတ်တွင်းမြို့နယ် မီးသတ်စခန်းတာဝန်ခံ ဦးသိန်းမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံမှူး ဦးထွန်းသိန်းနှင့်သစ်စက်ဝန်ထမ်းများ တက်ရောက်ကြပြီး အုတ်တွင်း မီးသတ်စခန်းတာဝန်ခံနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဟောပြောကြပြီး မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** (၁၂၉)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် မြေစာရင်းဦးစီးဌာနခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေမောင် **(ဝဲပုံ)** က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်း ဦးစီးအရာရှိ ဦးဟန်မျိုးဝင်းက မြို့နယ်အဆင့် လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

(၃၆၄)

ရွှေညောင်မြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေး ဌာနခွဲ(က) တွင် ဖေဖော်ဝါရီ ၁၀ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ကြစဉ်။

(ခရိုင်ပြန်/ဆက်)

မင်္ဂလာဒုံတပ်မြို့ စည်ပင်သာယာဈေး မီးဘေးကာကွယ်တားဆီးရေး အသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးကျော် ဟောပြောပြီး တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ဦးစီးဌာနမှူး ရဲသူရဦးမြင့်သိန်းတို့ ကြီးကြပ်၍ မီးဘေး ကာကွယ်တားဆီးရေး ဇာတ်တိုက်လေ့ကျင့်စဉ်။ (၅၃၂)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မန္တလေးမြို့ဂေါ်ဝိန်ဆိပ်တွင် ရေလမ်း တူးဖော်ပြုပြင်မှုကို တွေ့ရစဉ်။

မန္တလေးမြို့ ဆိပ်ကမ်းများ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် သာယာလှပရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ၏ အထက်ပိုင်းစီးပွားရေးမြို့ရှိ မန္တလေးဆိပ်ကမ်း သင်္ဘောဆိပ်၊ မော်တော်ဆိပ်များတွင် သင်္ဘောများ၊ မော်တော်များ ရေလမ်းကောင်းပြီး ဆိုက်ကပ်နိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ဒေသ-၅ မန္တလေး)မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သောင်တူး

မန္တလေးဆိပ်ကမ်း သာယာလှပရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ဒေသ-၅ မန္တလေး)မှ ခေတ်မီ သောင်တူးစက်များဖြင့် ကျွဲစွန်း(ရှုခင်းသာ)မှ စတင်၍တူးဖော်လာရာ ယခုအခါ ဂေါ်ဝိန်ဆိပ်ကမ်းအထိ ရောက်ရှိနေပြီဖြစ်သည်။ ဧရာဝတီမြစ် ရေစီးရေလာကောင်းမွန်ရေး၊ သင်္ဘော၊ မော်တော်များ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရေးအတွက် ခေတ်မီသောင်တူးစက်များဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၀၅)

တောင်ကြီးမြို့နယ်တွင် မေထုန်မဲ့သားစပ်နည်းဖြင့် နို့စားနွားမွေးမြူရေး တိုးတက်အောင်မြင်

တောင်ကြီး ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နို့နှင့် နို့ထွက်ပစ္စည်းတိုးတက်ထုတ်လုပ်နိုင်ရေးကို ရည်ရွယ်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စည်းရုံးဆောင်ရွက်လျက်ရှိရာ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း ပုဂ္ဂလိကနို့စားနွားမွေးမြူရေးလုပ်ငန်းရှင်လေးဦးက စုစုပေါင်း ဖရီရှန်နို့စားနွားကောင်ရေ ၂၅၀ ခန့် စတင်ဝယ်ယူမွေးမြူလျက်ရှိသည်။ ထို့အပြင် ယခင်ရှိနှင့်ပြီးသော ဖရီရှန် နို့စားနွားမများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တောင်ကြီးမြို့မှ

စာမျက်နှာ ၉ ကော်လံ ၆ သို့

ထူးခြားသည့် ညအပူချိန်များ

၂၂ - ၂ - ၂၀၁၁

ပင်လောင်း
၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၆ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂ - ၂ - ၂၀၁၁

ကော့သောင်း
၁ ဒသမ ၃၀ လက်မ
မြိတ်
သုည ဒသမ ၁၂ လက်မ